မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၉၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ ကြာသပတေးနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နှစ်သစ်တွင် အတွေးသစ်အမြင်သစ်များဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ရေဒီယိုမှတစ်ဆင့် ပြည်သူများသို့ ပြောကြားသည့်မိန့်ခွန်း
၂-၁-၂၀၁၄

မိဘပြည်သူများ ခင်ဗျား

ယခုလ ရေဒီယိုကနေ ပြည်သူလူထုထံ ဆက်သွယ်ပြောကြားတဲ့ အစီအစဉ်မှာ လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်ထွန်းနေတဲ့ နိုင်ငံရေးအပြောင်းအလဲများနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ သဘောထားနှင့် ရပ်တည်ချက်အချို့ကို ရှင်းလင်းပြောကြားရင်း အစပြုသွားမှာဖြစ်ပါတယ်။

ကုန်လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့မြန်မာ့လူ့အဖွဲ့အစည်း အဓိကရရှိခဲ့တဲ့ နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုကတော့ မတူညီတဲ့ နိုင်ငံရေးအင်အားစုတွေ အချင်းချင်းကြားမှာ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကို ရှောင်ရှားနိုင်ခဲ့ပြီး ကြုံတွေ့ခဲ့ရတဲ့စိန်ခေါ်မှုတွေကို ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ ကြိုးပမ်းဖြေရှင်းနိုင်ခဲ့ခြင်းဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ကို အသက်ဝင်ရှင်သန်စေခဲ့ခြင်းပဲဖြစ်ပါတယ်။ ကိစ္စရပ်တော်တော်များများမှာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြတဲ့အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ဟာ အားကောင်းခိုင်မာလာခဲ့ပါတယ်။

နိုင်ငံရေးစနစ်သစ်တစ်ခုကို လပေါင်း ၃၀ ကျော်ကြာ အတူတကွ ဖြတ်သန်းပြီးချိန်မှာ ယခင်က အချင်းချင်းကြားမှာရှိခဲ့တဲ့ သံသယကြီးမှုတွေ၊ မယုံကြည်မှုတွေကို လျှော့ချနိုင်ခဲ့ခြင်းသည်ပင်လျှင် ကျွန်တော်တို့အားလုံး ကြိုးစားဖော်ဆောင်နေကြတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ရဲ့ အောင်မြင်

မှုမှတ်တိုင်များအဖြစ် သက်သေထူနေတယ်လို့ နားလည်လက်ခံထားကြရမှာဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို စတင်ဆောင်ရွက်လာနိုင်ခြင်းရဲ့ အကျိုးရလဒ်တစ်ခုကတော့ ကျွန်တော်တို့အားလုံးမျှော်လင့်စောင့်စားခဲ့ရတဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာလအတွင်းမှာ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ နှစ်ပေါင်း ၄၄ နှစ်ကြာမှ မြန်မာ့မြေပေါ်မှာ ပြန်လည်ကျင်းပခွင့်ရတဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အခုလိုပြည်သူတွေအားလုံး သိုက်သိုက်ဝန်းဝန်းနဲ့ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့်လည်း နိုင်ငံတကာအသိုက်အဝန်းမှာ ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်ရပ်အဖြစ် ပြန်လည်ဝင်ဆံ့လာခဲ့ပြီဖြစ်ပါတယ်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးနဲ့ပတ်သက်လို့

စာမျက်နှာ ၃ ကော်လံ ၁ ●

"လက်ရှိ နိုင်ငံရေးအပြောင်းအလဲနဲ့ နိုင်ငံရေးဖြစ်စဉ် ရှင်သန်ခိုင်မာရေး၊ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုရှိရေးနှင့် ညင်သာသော အသွင်ကူးပြောင်းရေးကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေးအတွက် အစဉ်နှလုံးသွင်းဆောင်ရွက်လျက်ရှိ"

ရန်ကုန်မြို့ အာလိန်ငါးဆင့်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ခြိမ့်ခြိမ့်သဲဆင်နွှဲ

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်များတွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကြီးကို ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အာလိန်ငါးဆင့် ပရိဝုဏ်အတွင်း၌ ယနေ့ည ၇ နာရီတွင် ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကြီးသည် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲတော်ကြီးဖြစ်၍ အခြားနှစ်များနှင့်မတူ တစ်မူထူးခြားစွာဖြင့် စာစောင်များနှင့် ပြက္ခဒိန်များ ထုတ်သည့်အပြင် (၂၇)ကြိမ်မြောက်

စာမျက်နှာ ၈ ကော်လံ ၅ ○

အင်းစိန်မြို့နယ်ရှိ အာလိန်ငါးဆင့်ပရိဝုဏ်အတွင်း၌ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သတိပြုကာကွယ် မီးအန္တရာယ်

နှစ်စဉ်နှစ်တိုင်း ပွင့်လင်းရာသီသို့ ရောက်ပြီဆိုလျှင် လူသားတို့အတွက် ခြိမ်းခြောက်လာသော အရာသည်ကား မီးဘေးအန္တရာယ်ပင်ဖြစ်၏။ မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၏။ မီးဆိုသည်က မည်သည့်မီးကိုမျှ ပေါ့ပေါ့တန်တန် မပြုလုပ်ရာ။ မီးဖိုမီး၊ လျှပ်စစ်မီး မည်သည့်မီးမဆို ရိုရိုသေသေနှင့်သုံးလျှင် မိတ်ဆွေမည်ထိုက်၏။ သတိလစ်ပေါ့လျော့မှု ဖြစ်လိုက်သည်နှင့် မိတ်ဆွေမှ ရန်သူဖြစ်သွားနိုင်သည်။

ယခုရက်ပိုင်းအတွင်း ပူပြင်းလှသော နွေရာသီကား မရောက်သေးသော်လည်း မီးလောင်မှု၊ မီးလန့်မှုများကြားနေရသည်မှာ လူတို့အနေဖြင့် မီးကိုပို၍ဂရုစိုက်သင့်ကြောင်း အသိပေးနေခြင်းပင်ဖြစ်၏။ မီးသည် အချိန်ရာသီမရွေး လောင်နိုင်သော်လည်း ပူပြင်းခြောက်သွေ့သောရာသီ၌ ဖြစ်နိုင်ခြေပို၍များ၏။ နွေရာသီ ပူပြင်းသောရာသီ၌ မီးကိုပို၍ဂရုပြုသင့်၏။ ရှေ့လျှောက်ရာသီဥတုသည် တဖြည်းဖြည်း ပူလာဖို့သာရှိသည်။ မီးဘေးအန္တရာယ်သည် လူတိုင်းလူတိုင်း သတိပြုဖွယ်ရာပင်ဖြစ်၏။

မီးဖိုမီး၊ ဆေးလိပ်တိုမီးနှင့် တောမီးတို့မှာ ကျေးလက်နေပြည်သူများ သတိပြုသင့်သော မီးဘေးအန္တရာယ်ပင်ဖြစ်၏။ မြို့ပြများ၌မူ လျှပ်စစ်မီးဘေးအန္တရာယ်ဖြစ်နိုင်၏။ လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲခြင်း၊ မီးအားမြှင့်စက်များ အပူလွန်ခြင်းတို့ကြောင့် မီးလောင်နိုင်၏။ ဟော့ပလိတ်၊ လျှပ်စစ်မီးပူ၊ ပန်ကာ၊ ရေခဲသေတ္တာ၊ ထမင်းပေါင်းအိုး၊ ဟင်းပေါင်းအိုး၊ ရေနွေးအိုးတို့ကြောင့်လည်း မီးလောင်နိုင်၏။

လူနေမှုအဆင့်အတန်းမြင့်မားလာပြီး လျှပ်စစ်သုံးစွဲမှုများပြားလာသည်နှင့်အမျှ လျှပ်စစ်ကြောင့်ဖြစ်ရသော မီးလောင်မှုမှာလည်း တိုးလာမည်သာ။ ဟန်းဆက်များ အသုံးများလာသည့်အလျောက် ဟန်းဆက်အားသွင်းရာမှ အပူလွန်ကဲပြီး မီးမလောင်နိုင်ဟု မည်သူမျှတထစ်ချမပြောနိုင်။ သတိထားနိုင်လျှင် အကောင်းဆုံးဖြစ်၏။ ထို့နည်းတူ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲရာတွင်လည်း ပေါ့ပေါ့တန်တန် သဘောမထားသင့်။ မီးကို အစဉ်သတိပြုခြင်းမှာ မီးဘေးအန္တရာယ်ကို ကာကွယ်ရာရောက်၏။

တစ်ဖန် ခြင်ဆေးခွေမီး၊ ဖယောင်းတိုင်မီးနှင့် ဂက်စ်မီးဖိုမီးတို့ကိုလည်း လူကိုအန္တရာယ်အပြုနိုင်ဆုံး မီးများအဖြစ် မှတ်ယူသင့်၏။ ခြင်ဆေးခွေမီးပေါ့ဆမှုကြောင့် တစ်ရပ်ကွက်လုံးမီးဘေးသင့်သည်ကို ကြားဖူး၏။ အိပ်ပျော်နေစဉ် ဖယောင်းတိုင်လဲကျ၍ တစ်ရွာလုံး ပြုတ်သည်ကိုလည်း ကြားဖူး၏။ သတိတစ်ချက် လွတ်လိုက်သည်နှင့် မီးသည်ဆင်းရဲ၊ ချမ်းသာအလွတ်မပေး။ မျက်နှာလိုက်ခြင်း လည်းမရှိ။ တရစပ်တဖြုန်းဖြုန်း တအုန်းအုန်း လောင်ကျွမ်းမည်သာဖြစ်၏။ မီးသည်ပေါ့ဆလိုက်သည်နှင့် မိတ်ဆွေမှ ရန်သူဖြစ်သွား၏။ ရန်သူမီးသည် အချိန်မရွေး အန္တရာယ်ပြုနိုင်သည်ကို လူတိုင်းသတိပြုအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

၂၃၀ ကေဗွီ ဥညှချစ်ပင် တောင်ကုတ် မဟာဓာတ်အားလိုင်းနှင့် တောင်ကုတ်ဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ၂၃၀ ကေဗွီ ဥညှချစ်ပင် တောင်ကုတ်မဟာဓာတ်အားလိုင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီအလိုက် တာဝါတိုင် ဖောင်ဒေးရှင်းလုပ်ငန်း၊ တာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးမီ ပြီးစီးရေး တွန်းအားပေးကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါက ဖောင်ဒေးရှင်းအဖွဲ့များ၊ တိုင်ဆင်အဖွဲ့များ ထပ်မံထည့်သွင်းဆောင်ရွက်သွားစေရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် ၂၃၀/၆၆/ ၁၁ကေဗွီ၊ ၁၀၀ အမ်ဗွီအေ တောင်ကုတ် (ဘာယေ) ဓာတ်အားခွဲရုံသို့ ရောက်ရှိခဲ့ရာ ဓာတ်အားခွဲရုံ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ၆၆ ကေဗွီ သံတွဲဓာတ်အားခွဲရုံသို့ ရောက်ရှိခဲ့ပြီး Control Building တည်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီးSwitch Yard ကို အရည်အသွေးကောင်းအောင် တည်ဆောက်ရန်၊ လက်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းအားလွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ရန်နှင့် မြို့တွင်းလမ်းများကို တိုးချဲ့ဖောက်လုပ်လျက်ရှိသဖြင့် မလွတ်ကင်းသော လမ်းမီးတိုင်များနှင့် ၁၁ ကေဗွီ ငပလီ (ဂျိတ်တော) လိုင်းကို ပြောင်းရွှေ့တည်ဆောက်ရန် မှာကြားခဲ့သည်။ ဆက်လက်၍ တောင်ကုတ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ၆၆ ကေဗွီဓာတ်အားခွဲရုံ ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျောက်ဖြူဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Building နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ Switch Yard မြေနေရာပြုပြင် မြေဖို့နေမှု အခြေအနေများ၊ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ကျောက်ဖြူမြို့မှ ဆက်လက်ထွက်ခွာခဲ့ပြီး ၂၃၀ ကေဗွီ မအီ-အမ်း ဓာတ်အားလိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အမ်းဓာတ်အားခွဲရုံသို့ ရောက်ရှိခဲ့ရာ ဓာတ်အားခွဲရုံတည်ဆောက်ရေးအတွက် လိုအပ်သောပစ္စည်းများ ရရှိရေးညှိနှိုင်းပေးပြီး အမ်းမြို့အနီးတစ်ဝိုက် ဒေသများသို့ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့် ကြိုတင်ညှိနှိုင်း စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ဒီဇင်ဘာ ၂၇ ရက် နံနက်က မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျှော့နည်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်ရန်၊ မိဘပြည်သူများ ဓာတ်အားသုံးစွဲခွင့် လျှောက်ထားလာပါက သတ်မှတ်ချိန်အတွင်း အမြန်ဆုံး မီတာတပ်ဆင်ပေးရေး အလေးထားကြပ်မတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ကုန်တင်ကားကြီးများကြောင့် မြို့တွင်းလမ်းများ ပျက်စီးခြင်းနှင့် ယာဉ်မတော်တဆမှုအန္တရာယ်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့သည် မြို့နယ်မြို့ဖြစ်၍ ဌာနဆိုင်ရာရုံးပေါင်းစုံတည်ရှိပြီး နေ့စဉ်ရုံးတက်ရုံးဆင်း ဝန်ထမ်းများ၊ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဈေးသွား ဈေးလာ ပြည်သူများနှင့် နေ့စဉ်စည်ကားလျက် ရှိသည်။

မြို့တွင်းလမ်းများပေါ်သို့ ယာဉ်၊ ကုန်ခြောက်တန်အထက် ယာဉ်ကြီးများ မဝင်ရ၊ တွေ့ရှိက အရေးယူခြင်းခံရမည်ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ (သတိပေးတားမြစ်ချက်)ကို ရုံးပေါင်းစုံလမ်းနှင့် သရဖီလမ်းထောင့်တွင် ဆိုင်းဘုတ်တပ် ကြေညာထားသော်လည်း ယာဉ်+ ကုန်တန် ၂၀ ကျော် ကုန်တင်ကားကြီးနှင့် နောက်တွဲ ၂၂ ဘီးကားကြီးများသည် မြို့တွင်းလမ်းများ ပေါ်သို့ဝင်ရောက်ပြီး ကုန်တင်ကုန်ချ ပြုလုပ်ခြင်းကြောင့် လမ်းများနိမ့်ကျ၍ ချိုင့်ခွက်များဖြစ်ခြင်း၊ လမ်းများ ပျက်စီးခြင်းများဖြစ်သည့်အပြင် ယာဉ်လမ်းကြောင်း ပိတ်ဆို့မှုများ ဖြစ်ပေါ်၍ ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် သက်ဆိုင်ရာမှ အလေးထားကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း မြို့ပေါ်နေပြည်သူများ၏ဆန္ဒကို ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ ရေးသား တင်ပြလိုက်ရပါသည်။

ခင်ကို(ကျောက်တံခါး)

စစ်တွေတက္ကသိုလ်၌ မိုးလုံလေလုံအားကစားရုံတည်ဆောက်

စစ်တွေ ဇန်နဝါရီ ၁

ရခိုင်ပြည်နယ် စစ်တွေမြို့ ဘုမေကျေးရွာအနီးရှိ စစ်တွေတက္ကသိုလ်နယ်မြေသစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ အားကစားနည်းများအလိုက် လေ့ကျင့်ကစားနိုင်ရန်နှင့် စာသင်နှစ်အလိုက် အားကစားပြိုင်ပွဲများကို ကျင်းပနိုင်ရန်အတွက် အဆိုပါ တက္ကသိုလ်၏ဝင်းအတွင်း မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့ အာရုဏ်ဦး ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

စစ်တွေတက္ကသိုလ်၏ မိုးလုံလေလုံအားကစားရုံကြီးအား အလျားအကျယ်ပေ ၁၂၀၊ အနံပေ ၉၀ အတွင်း အားကစားဆိုက်ပေ ၁၂၀၊ အနံပေ ၆၀ ရှိကာ အားကစားပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးကြမည့် ပွဲကြည့်ပရိသတ်များအတွက် ပွဲကြည့်စင်လေးခုပါရှိမည်ဖြစ်ကြောင်းနှင့် အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းဖြစ်ပြီး ဇန်နဝါရီလနောက် ဆုံးထား၍ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)



သွေးသည် အသက်

အထက (၂) လသာ
ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သမီး ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ၆-၁-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၉:၀၀ နာရီတွင် မြညီလာခန်းမ၌ ကျင်းပပြုလုပ်ပါမည်။ အစမ်းလေ့ကျင့်ပွဲကို ၃-၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀:၀၀နာရီတွင် ပြုလုပ်ပါမည်။

မှတ်ချက်။ ။ ဆုပေးပွဲအခမ်းအနားသို့ ကျောင်းဝတ်စုံပြည့်ဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်။

မိဘဆရာအသင်း၊ အထက (၂)လသာ

မြေကွက်များရောင်းရန်ရှိသည်

ပဲခူးလေဆိပ်အသစ်အနီး လမ်းမကြီးမေးတင် ဧကကွက်များ ရောင်းရန်ရှိပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၆၄၁၆၁

ကားရောင်းရန်ရှိသည်

(110 သိန်း၊ ညှိနှိုင်း)

Mazda Bongo (2005)

ဒီဇယ်/ 950kg ၊ 9c /...

ဖုန်း-၀၉-၄၂၀၀၆၄၆၀၂

ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

ကျွန်တော်အဓိက ပြောကြားလိုတဲ့ အချက်နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ ယခုလိုအမိမြေမှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရတဲ့ ပြိုင်ပွဲကြီးမှာ နိုင်ငံရဲ့ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ အားကစားသမားများဟာ ထိုက်တန်တဲ့ဆုတံဆိပ်တွေနဲ့ အောင်ပွဲတွေရရှိအောင် ကြိုးစားခဲ့ကြတဲ့အတွက် အမျိုးသားရေးတာဝန်ကျေမှုတစ်ရပ်အဖြစ် မော်ကွန်းတင်လိုပါတယ်။ မြန်မာနိုင်ငံထဲမှာရှိကြတဲ့ ပြည်သူတစ်ဦးချင်းစီအနေနဲ့ရော ပြည်ပမှာရောက်ရှိနေကြတဲ့ မြန်မာပြည်သူတွေအားလုံးပါ သက်ဆိုင်ရာကဏ္ဍအသီးသီးမှာ ပါဝင်အားဖြည့်ပံ့ပိုးပေးခဲ့ကြတာကြောင့် ဒီလိုဆုတံဆိပ်တွေရရှိလာဖို့ ကြီးမားတဲ့တွန်းအားတွေဖြစ်စေခဲ့ခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ယုံကြည်ပါတယ်။ ဒါ့အပြင် အားကစားပွဲတွေရဲ့ အနိုင်အရှုံးရလဒ်တွေထက်ကျော်လွန်ပြီး ကျွန်တော်တို့ နိုင်ငံအတွက် ပိုမိုတန်ဖိုးကြီးမားတဲ့ အကျိုးရလဒ်ကတော့ မြန်မာတစ်မျိုးသားလုံးရဲ့ စုစည်းမှုအားကို ပြသနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ပြောကြားလိုတဲ့အချက်ကတော့ ဒီအားကစားပွဲတော်ကြီး အောင်မြင်စွာ ပြီးမြောက်အောင်မြင်ရေးအတွက် စိတ်ရောကိုယ်ပါ ပါဝင်တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ စေတနာ့ဝန်ထမ်းလူငယ်တွေပဲ ဖြစ်ဖြစ်ပါတယ်။ ဒီအားကစားပွဲတော်ကြီးကနေ စေတနာ့ဝန်ထမ်းလူငယ်တွေအနေနဲ့ ရရှိလိုက်တဲ့ အနစ်နာခံမှု၊ ပရဟိတစိတ်ရှိမှု၊ တာဝန်ယူလိုစိတ်ရှိမှု၊ အဖွဲ့အစည်းနှင့် ဆောင်ရွက်တတ်မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုစတဲ့အတွေ့အကြုံတွေဟာ တိုင်းပြည်အနာဂတ်တည်ဆောက်ရေးမှာ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒီအရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကနေ မိမိတို့ဆောင်ရွက်နိုင်စွမ်းတွေအတွက် ဂုဏ်ယူကြရမှာ ဖြစ်ပြီး လိုအပ်ချက်များကိုလည်း သင်ခန်းစာယူ ပြင်ဆင်သွားကြရမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး အပြောင်းအလဲများကို လေ့လာ သုံးသပ်ကြည့်မယ်ဆိုပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်များထဲက အစပြုပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားခွင့်များကို နိုင်ငံရေးအင်အားစု အသီးသီးက အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုမျိုးနဲ့ ထိရောက်စွာပါဝင်လုပ်ဆောင်ခဲ့ကြတဲ့အတွက် အချိန်တိုအတွင်း အဆင့်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်ဆိုတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ထိုအခြေအနေသစ်တစ်ရပ်ကို ပကတိအရှိတရားအဖြစ် မှတ်ယူပြီး နိုင်ငံရေးဖြစ်စဉ် ပိုမိုအသက်ဝင်လာစေရေးအတွက် နိုင်ငံရေးအင်အားစုများ ပိုမိုပါဝင်လာစေရေး၊ ပြည်သူများအားလုံး နိုင်ငံရေးအခွင့်အရေးများ ပိုမိုရရှိလာစေရေးတို့ကို အတူတကွ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အထက်ပါကြိုးပမ်းဆောင်ရွက်မှုများရဲ့ နိုင်ငံရေးအကျိုးဆက်အနေနဲ့ မိမိတို့လူ့အဖွဲ့အစည်းအတွင်း အပြုသဘောဆောင်တဲ့ နိုင်ငံရေးငြင်းခုံဆွေးနွေးညှိနှိုင်းခြင်းဓလေ့ကို အားကောင်းရှင်သန်လာစေခဲ့ပါတယ်။ ဒီကိစ္စရပ်များကို သက်သေထူတဲ့အနေနဲ့ မိမိတို့ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးအခက်အခဲ အကျပ်အတည်းများ၊ စိန်ခေါ်မှုများကို နားလည်မှုရှိရှိ စိတ်စေတနာမှန်မှန်ဖြင့် ခက်ခဲစွာကျော်ဖြတ်ခဲ့ကြတဲ့အတွက် ရရှိတဲ့အကျိုးရလဒ်ကတော့ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စကဲ့သို့သော နိုင်ငံရေးစိန်ခေါ်မှုမျိုးကို ပြည်သူလူထုအကြားမှာ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးငြင်းခုံလာနိုင်သည်အထိ နိုင်ငံရေးတိုးတက်မှုတွေ ရှိလာပါတယ်။ နိုင်ငံရေးအင်အားစုအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ဆောင်ချက်များကိုလည်း တွေ့ရှိလာရပြီဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုပါတီစုံမှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော"အခြေခံဥပဒေပြင်ဆင်ရေးနှင့် လေ့လာသုံးသပ်ရေးကော်မတီ"ကိုဖွဲ့စည်းပြီး လူထုလူတန်းစားအသီးသီး၊ အဖွဲ့အစည်းအသီးသီးရဲ့ သဘောဆန္ဒများ ရယူဆောင်ရွက်နေပြီဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်သော သဘောထားရပ်တည်ချက်အချို့ကို ကော်မတီကိုပေးပို့ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံရဲ့ အဓိကကျတဲ့ နိုင်ငံရေးအင်အားစုတစ်ခုဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ NLD ပါတီအပါအဝင် နိုင်ငံရေးပါတီများဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များနဲ့ပတ်သက်ပြီး လူထုတွေ့ဆုံပွဲများ၊ ဆွေးနွေးပွဲများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ယခုလို နိုင်ငံရေးလှုပ်ရှားမှုများကို လွတ်လပ်ပွင့်လင်းစွာ လုပ်ဆောင်နိုင်ခွင့်ရှိခြင်းကပင် မိမိတို့လူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေး ရင့်ကျက်မှု ရေချိန်မြင့်တက်လာကြောင်းကို ညွှန်ပြနေတာဖြစ်ပါတယ်။

ပြည်သူတစ်ဦးချင်းစီနဲ့ နယ်ပယ်အသီးသီးမှခေါင်းဆောင်များရဲ့ သဘောထားဆန္ဒထုတ်ဖော်ဆွေးနွေးမှုများကို သတင်းမီဒီယာမျိုးစုံကစလို့ အင်တာနက်လူမှုကွန်ရက်များအထိပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုဆွေးနွေးခွင့်ရှိနေခြင်းကလည်း အပြုသဘောဆောင်သော ဖြစ်ထွန်းမှုဟုဆိုရမှာ ဖြစ်ပါတယ်။

ခေတ်မီတဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းကို တည်ဆောက်ရာမှာအရေးအကြီးဆုံး သွင်ပြင်လက္ခဏာဖြစ်တဲ့ နိုင်ငံရေးကို လွတ်လပ်စွာ ဆွေးနွေးငြင်းခုံမှုများ အားကောင်းမောင်းသန်ဖြစ်လာခြင်းကို ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ အထင်အရှားတွေ့မြင်နေရပြီ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စနဲ့ပတ်သက်ပြီးလည်း ကျွန်တော့်ရဲ့သဘောထားရပ်တည်ချက်အချို့ကို ပြောကြားလိုပါတယ်။ အသက်ဝင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပိုင်ဆိုင်ဖို့ဆိုရင် လူ့အဖွဲ့အစည်းတစ်ရပ်လုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များနဲ့ သဟဇာတဖြစ်အောင် အခြေအနေအချိန်အခါအလိုက် ပြင်ဆင်ရေးသားရမယ်ဆိုတဲ့ အခြေခံမူကို ကျွန်တော့်အနေနဲ့ ဆုပ်ကိုင်ထားရမှာဖြစ်ပါတယ်။ လက်ရှိအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အဓိကအစိတ်အပိုင်း သုံးခုရှိတယ်လို့ ရှုမြင်မိပါတယ်။ ပထမပိုင်းကတော့ လက်ရှိကျွန်တော်တို့ ကြိုးပမ်းတည်ဆောက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မဖြစ်မနေပြုလုပ်ရမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကနေ ပေါ်ပေါက်လာမယ့် သဘောတူညီချက်များအတွက် လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းတွေ လုပ်ဆောင်ရမယ့် အပိုင်းဖြစ်ပါတယ်။

ဒုတိယပိုင်းကတော့ မိမိတို့တည်ဆောက်လိုတဲ့ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပီပြင်လာစေရေးအတွက် လိုအပ်မယ့်ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများပြည့်မီလာစေဖို့ လိုအပ်သလို ပြင်ဆင်ရမည့် အပိုင်းဆိုပြီးတော့ ခွဲခြားတွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများပြည့်မီအောင် ကြိုးပမ်းအားထုတ်လုပ်ဆောင်ရာမှာ နိုင်ငံရေးမှာပါဝင်ပတ်သက်သူအားလုံးရဲ့ အမြော်အမြင်ကြီးမားမှု၊ ဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့က အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။

တတိယပိုင်းကတော့ နိုင်ငံရေးဦးဆောင်မှုဆိုင်ရာ အရည်အချင်းသတ်မှတ်မှုအတွက် လိုအပ်မည့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်ပင်ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ သဘောထားကတော့ မည်သည့်မြန်မာနိုင်ငံသား တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်ကို ကန့်သတ်တားမြစ်တာမျိုးမဖြစ်စေလိုတဲ့ နိုင်ငံရေးစေတနာရှိသလို တစ်ဖက်ကလည်း မိမိတို့အမျိုးသား အကျိုးစီးပွားနှင့် မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက်ပတ်တဲ့အကာအကွယ်ပေးနိုင်သည့် အခြေခံမူများရှိရန်လည်း လိုလားပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ နိုင်ငံရေးဦးဆောင်မှုနဲ့ပတ်သက်တဲ့ ဝိရောဓိများကို ကိုင်တွယ်ဖြေရှင်းရာမှ နိုင်ငံရေးအကျပ်အတည်းတစ်ခုဆီသို့ ဦးတည်မသွားစေနိုင်ဖို့အတွက် နိုင်ငံရေးရွေးချယ်မှုမှန်ကန်စေဖို့ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေပြုတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးအတွက် လိုအပ်တဲ့ အခြေခံဥပဒေပြင်ဆင်မှုများကို လုပ်ဆောင်ရာမှာ မိမိတို့အချင်းချင်း အပြန်အလှန်ယုံကြည်မှုအပေါ် အခြေခံတဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ၊ ထားရှိနိုင်မယ့် သဘောထားကြီးမှုတွေ၊ တောင်းဆိုမှုတွေကို အပြန်အလှန်နားလည်လက်ခံပေးနိုင်တဲ့ အခြေအနေတွေ၊ ဒါတွေက အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှုနှင့်ပတ်သက်ပြီး အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့ စိတ်ရင်းစေတနာမှန်ဖြင့် ကြိုးပမ်းအားထုတ်နေမှုကို ကျွန်တော့်အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒါ့ကြောင့် ယခုလုပ်ဆောင်လျက်ရှိသော အသေးစိတ်ညှိနှိုင်းမှုများကို အောင်မြင်စွာပြုလုပ်ပြီး များမကြာမီကာလတွင် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်ကိုလည်း တွေ့မြင်လိုကြောင်း ပြောကြားလိုပါတယ်။

လာမည့် ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့တာဝန်ကြီးတစ်ခုကတော့ အာဆီယံဥက္ကဋ္ဌအဖြစ် ဒေသတွင်းနိုင်ငံများပါဝင်တဲ့ အဖွဲ့အစည်းကြီးကို ဦးဆောင်ဦးရွက်ပြုရမှာဖြစ်ပါတယ်။ ဒေသတွင်း နိုင်ငံတကာကိစ္စရပ်များတစ်ခုနှင့်တစ်ခုဆက်နွှယ်မှုတိုးလာခြင်း၊ အထူးသဖြင့် ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာအပြောင်းအလဲနဲ့ အာရှဒေသနဲ့ အရှေ့တောင်အာရှနိုင်ငံများ၏ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အရေးပါမှုမြင့်တက်လာခြင်းတို့က မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအဖြစ် ဦးစီးဦးဆောင်ပြုရမယ့်အချိန်မှာ မိမိတို့၏ ဦးဆောင်မှုတာဝန်ကို ပိုမိုအရေးကြီးလာစေမှာဖြစ်ပါတယ်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သလို အာဆီယံဥက္ကဋ္ဌတာဝန်ကိုလည်း နိုင်ငံရေးအင်အားစုများအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး အတူတကွပူးပေါင်းပါဝင်ပြီး အောင်မြင်စွာ ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူချိန်မှာ အရှေ့တောင်အာရှဒေသ၏ အကျိုးကို သယ်ပိုးခွင့်ရမှာဖြစ်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းများကြားမှာ မြှင့်တင်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စတင်ထမ်းဆောင်ခဲ့သည့် နေ့မှစပြီး ပြည်သူလူထုတစ်ရပ်လုံးရဲ့ လိုလားချက်များကို ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေနဲ့ လက်တွေ့ဖြစ်နိုင်တဲ့ အခြေအနေနှစ်ရပ်အကြား သဟဇာတဖြစ်အောင် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

သဟဇာတဖြစ်ရေးဆိုရာမှာလည်း လက်ရှိနိုင်ငံရေးအပြောင်းအလဲနဲ့ နိုင်ငံရေးဖြစ်စဉ် ရှင်သန်ခိုင်မာရေး၊ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုရှိရေးနှင့် ညင်သာသော အသွင်ကူးပြောင်းရေးကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေးအတွက် အစဉ်နှလုံးသွင်းဆောင်ရွက်လျက်ရှိနေပါတယ်။ ကျွန်တော့်အနေနဲ့ တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်တဲ့ တောင်းဆိုချက်များအတွက်လည်း အဖွဲ့အစည်းပေါင်းစုံကို အစဉ်တံခါးဖွင့် လက်ခံတွေ့ဆုံခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်တဲ့နေရာမှာ မတူညီတဲ့ နိုင်ငံရေး အင်အားစုများရဲ့ ကွဲပြားတဲ့ လိုလားချက်များ၊ သဘောထားရပ်တည်ချက်များကို နက်နဲသိမ်မွေ့စွာဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ တည့်မတ်ပေးခြင်းများ လုပ်ဆောင်နေရတာဖြစ်ပါတယ်။ ဒီလိုချင့်ချိန် ဆောင်ရွက်ရတာကြောင့် တစ်ခါတလေမှာ နိုင်ငံရေးအင်အားစုအချို့ရဲ့ အားမလိုအားမရဖြစ်မှုတွေရှိလာတာကို သဘာဝကျတယ်လို့ နားလည်လက်ခံထားပါတယ်။ ဒီလိုအခြေအနေတွေအားလုံးကို နိုင်ငံရေးအရှိတရားအနေဖြင့် ခံယူပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်မှုစွမ်းရည်မြှင့်တင်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ကျွန်တော့်အနေနဲ့ သမ္မတတာဝန်ယူသည့်နေ့မှစပြီး တာဝန်ကိုရှောင်လွှဲလိုတဲ့လုပ်ဆောင်မှုမျိုးမရှိခဲ့သလို လက်ရှိနိုင်ငံရေးအခြေအနေက ခွင့်ပြုတဲ့အတိုင်းအတာအရ ဖြစ်သင့်ဖြစ်ထိုက်သည့် နိုင်ငံရေးဆန္ဒများနှင့် လက်တွေ့ဖြစ်နိုင်သည့်ကိစ္စရပ်များ အစဉ်ပေါင်းစပ်ပြီး သဟဇာတဖြစ်ဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အထူးပြုပြောကြားလိုသည့်ကိစ္စရပ်ကတော့ ဖြစ်သင့်ဖြစ်ထိုက်သည့် နိုင်ငံရေးဆန္ဒများကို လက်ရှိနိုင်ငံရေးအခြေအနေက ဖြည့်ဆည်းပေးနိုင်သည်ထက် ပိုမိုမျှော်မှန်းဆောင်ရွက်ပါက နိုင်ငံရေးအကျပ်အတည်းတစ်ခုဖြစ်ပေါ်ပြီး လက်တွေ့ဖြစ်နိုင်ခြေရှိသည့် အခွင့်အလမ်းများပင် ဆုံးရှုံးသွားနိုင်သည်ကို သတိချပ်ပြီး ဉာဏ်အမြော်အမြင်ရှိသော နိုင်ငံရေးရွေးချယ်မှုများ ပြုလုပ်ကြရန် တိုက်တွန်းပြောကြားလိုပါတယ်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး လက်ကျန်နိုင်ငံရေး အကျဉ်းသားစိစစ်ရေးကော်မတီရဲ့ ကြိုးပမ်းမှုနဲ့ ကျွန်တော်ကတိပေးထားတဲ့အတိုင်း ဒီနှစ်ကုန်မှာ နိုင်ငံရေးအကျဉ်းသားတစ်ဦးတစ်ယောက်မှ မကျန်ရှိစေဖို့ ဆောင်ရွက်ပြီးဖြစ်ကြောင်း မိဘပြည်သူများကို အသိပေးပြောကြားလိုပါတယ်။

လာမည့် ၂၀၁၄ ခုနှစ် နှစ်သစ်မှာလည်း ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးဟာ အတွေးသစ်၊ အမြင်သစ်များဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ယခင်နှစ်ကထက် တိုးမြှင့်လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေ။

> “ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေပြုတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးအတွက် လိုအပ်တဲ့ အခြေခံဥပဒေပြင်ဆင်မှုများကို လုပ်ဆောင်ရာမှာ မိမိတို့အချင်းချင်း အပြန်အလှန် ယုံကြည်မှုအပေါ် အခြေခံတဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ၊ ထားရှိနိုင်မယ့် သဘောထားကြီးမှုတွေ၊ တောင်းဆိုမှုတွေကို အပြန်အလှန် နားလည်လက်ခံပေးနိုင်တဲ့ အခြေအနေတွေ၊ ဒါတွေက အဆုံးအဖြတ်ပေးသွားမှာဖြစ်”

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ပထမအကြိမ်စုပေါင်းရှင်ပြု

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေးနှင့် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် ဣတ္ထိမသား ၁၂၁ ဦးအား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း၌ ကျင်းပရာ မောင်ရှင်လောင်းများအား ရှင်သာမဏေအဖြစ် သွတ်သွင်းကြပြီး တောရတပ်ဦးကျောင်း ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ဇနီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေး၊ တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကရင်နှစ်သစ်ကူး ပွဲတော်ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု ရုံးတောကျေးရွာတွင် ဇန်နဝါရီ ၁ ရက်က ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပနေသည်ကို တွေ့ရစဉ်။

သီဟ(လေးမျက်နှာ)

နိုင်ငံတကာသတင်း

မာလီနိုင်ငံရောက် ပြင်သစ်တပ်သား အရေအတွက် လျှော့ချမည်

ဝါရှင်တန် ဇန်နဝါရီ ၁

မာလီနိုင်ငံရောက် ပြင်သစ်စစ်သားအရေအတွက်ကို လာမည့်သုံးလကျော်ကာလအရောက် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

မာလီ၌ အလည်အပတ်ရောက်ရှိနေသော Jean-Yves Le Drian က တပ်သားဦးရေ ၁၀၀၀ ပါ တပ်ဖွဲ့တစ်ဖွဲ့အား တာဝန်ချထားရာ နေရာမှ ပြန်ခေါ်ယူထားသည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

မာလီနိုင်ငံ၏ မြောက်ပိုင်းတွင် ခြေကုပ်ယူထားသော အစ္စလာမ္မစ်စစ်သွေးကြွများအား တိုက်ဖျက်ရန် ပြင်သစ်နိုင်ငံက ယခင်နှစ် ဇန်နဝါရီလက ၎င်းတို့၏ ပြင်သစ်တပ်သားများအား မာလီသို့စေလွှတ်ထားခြင်းဖြစ်သည်။

ယခုအခါ မာလီနိုင်ငံရောက် ကုလသမဂ္ဂ၏ မာလီနိုင်ငံတည်ငြိမ်ရေးဘက်စုံပူးပေါင်းမှုလုပ်ငန်းစဉ်မှ တပ်ဖွဲ့ဝင်ဦးရေ ၁၂၀၀၀ အရေအတွက် ရှိနေသည်။ သို့သော် ၎င်းအရေအတွက်သည် ပြင်သစ်တပ်သားဦးရေ၏ ထက်ဝက်မျှပင်မရှိချေ။ ပဋိပက္ခဖြစ်ပွားမှုပြင်းထန်သောနေရာ၌ ပြင်သစ်တို့သည် တပ်သား ၄၅၀၀ ပါသည့် တပ်ဖွဲ့တစ်ဖွဲ့ချထားသည်။

ပြီးခဲ့သည့် ဇူလိုင်လကမူ ပြင်သစ်တို့သည် လုံခြုံရေးဆိုင်ရာတာဝန်ယူမှုများကို အနောက် အာဖရိကန်တပ်သားများနှင့် ပူးပေါင်းဖွဲ့စည်းထားသော ကုလသမဂ္ဂ၏ မာလီနိုင်ငံတည်ငြိမ်ရေးဘက်စုံပူးပေါင်းမှုလုပ်ငန်းစဉ်မှ တပ်ဖွဲ့သို့ လွှဲပြောင်းပေးထားပြီးဖြစ်သည်။ သို့သော် နှစ်အကုန်တွင် ၎င်းတို့၏တပ်သားတော်တော်များများကို ရုပ်သိမ်းမည်ဆိုသော ပြင်သစ်တို့၏ မှန်းချက်မှာ အံချော်နေခဲ့ရသည်။ **(ဘီဘီစီ)**

၂၀၁၃ ခုနှစ် ရုရှား–ဂျပန်ဆက်ဆံရေး အောင်မြင်မှုများ ပူတင်သုံးသပ်

မော်စကို ဇန်နဝါရီ ၁

ရုရှား-ဂျပန်ဆက်ဆံရေးတိုးတက်ကောင်းမွန်နေချိန်တွင် ၂၀၁၃ ခုနှစ်အတွင်း ရရှိထားသော အရေးပါသည့် အောင်မြင်မှုများကို ဖော်ပြထားသည့် နှစ်သစ်ကူးသဝဏ်လွှာတစ်စောင်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးထံသို့ ဒီဇင်ဘာ ၃၁ က ပေးပို့ခဲ့သည်။

ရုရှားသမ္မတက ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို နှစ်သစ်တွင် ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းခဲ့ပြီး ဖွံ့ဖြိုးတိုးတက်နေသော ရုရှား-ဂျပန်ဆက်ဆံရေးတွင် ၂၀၁၃ ခုနှစ်အတွင်း အရေးပါသော အောင်မြင်မှုများကို ထောက်ပြပြောဆိုခဲ့ကြောင်း ကရင်မလင်ကထုတ်ပြန်သော ကြေညာချက်တစ်ခုတွင် ဖော်ပြထားသည်။

ပူတင်သည် ဧပြီလတွင် မော်စကိုသို့ လာရောက်လည်ပတ်မည့် မစ္စတာအာဘေး၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ခိုင်မာသောတွန်းအားတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း အဓိကထားပြောကြားခဲ့ပြီး အာရှ-ပစိဖိတ်ဒေသအတွင်း လက်ရှိ ပြဿနာရပ်များကို ပိုမိုပူးပေါင်းလက်တွဲဆောင်ရွက်သွားရန် ၎င်း၏ဆန္ဒကို ဖော်ပြခဲ့သည်။

ပူတင်နှင့် အာဘေးတို့သည် ဧပြီလတွင် တွေ့ဆုံခဲ့ခြင်းအပါအဝင် ၂၀၁၃ ခုနှစ်အတွင်း လေးကြိမ်တွေ့ဆုံခဲ့ကြပြီး ယင်းကိစ္စနှင့် ပတ်သက်၍ ၎င်းတို့နှစ်ဦးသည် ငြိမ်းချမ်းရေးစာချုပ်တစ်ခုချုပ်ဆိုပြီးဆုံးစေရန် ဦးတည်လျက် နှစ်ဖက်ယုံကြည်မှုကို တဖြည်းဖြည်း တည်ဆောက်နေကြောင်း ဂျပန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ **(ကျိုဒို)**

ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယားနိုင်ငံသားတို့ ကန့်သတ်ချက်များ ဖြေလျှော့မှုရ

ဝါရှင်တန် ဇန်နဝါရီ ၁

ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယားနိုင်ငံသားများသည် ဇန်နဝါရီ ၁ ရက်မှစကာ ဥရောပတစ်ဝန်း ကန့်သတ်ချက်မရှိ အလုပ်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ရေးသားထားသည်။

၂၀၀၇ ခုနှစ် EU အဖွဲ့သို့ ဝင်ရောက်ချိန် အဖွဲ့ဝင်နိုင်ငံများတွင် အဆင်းရဲဆုံး နိုင်ငံများဖြစ်သော အဆိုပါ နိုင်ငံများ၏ နိုင်ငံသားတို့အပေါ် အဖွဲ့ဝင်နိုင်ငံအချို့က အသွင်ကူးပြောင်းကာလ ထိန်းချုပ်မှုများ ပြဋ္ဌာန်းခဲ့ကြသည်။

ကန့်သတ်မှုများချမှတ်

၎င်းတို့၏ အလုပ်လုပ်ခွင့်နှင့် အကျိုးခံစားခွင့် အခွင့်အရေးများသည် EU အဖွဲ့ဝင်ဖြစ်ပြီး ခုနစ်နှစ်ကြာအောင် ကန့်သတ်မှုများ ချမှတ်ခံထားကြရသည်။ အနောက် ဥရောပ ချမ်းသာသော နိုင်ငံအချို့က ၎င်းတို့နှစ်နိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများကိုလည်း ကြောက်ရွံ့ကြသည်။

ယခုအခါ ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယား နိုင်ငံသားတို့သည် အကျိုးတူပူးပေါင်းနိုင်ငံအဖြစ် ဆက်သွယ်ပြီးနောက် ဗီဇာမပါဘဲ အခြားဥရောပနိုင်ငံများသို့ သွားလာနိုင်ပြီဖြစ်သည်။

သို့သော် အခြားအဖွဲ့ဝင် ၂၆ နိုင်ငံအနက် ကိုးနိုင်ငံတို့က ၎င်းတို့၏အလုပ်အကိုင် အမျိုးအစားများအပေါ် ယာယီကန့်သတ်မှုများ ချမှတ်ထားခဲ့သည်။

ပြင်သစ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံနိုင်ငံတို့တွင် အလုပ်အကိုင်ခွင့်ပြုချက်ရရှိမှု လိုအပ်သည်။ **(ဘီဘီစီ)**

တရုတ်နိုင်ငံ ရှန်ယန်းနှင့် တာ့လျန်တို့တွင် သုံးရက် ဗီဇာကင်းလွတ်နေထိုင်ခွင့်လုပ်ပေး

ရှန်ယန်း ဇန်နဝါရီ ၁

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၏ မြို့တော်နှင့် ဆိပ်ကမ်းမြို့ဖြစ်သည့် ရှန်ယန်းနှင့် တာ့လျန်တို့တွင် ပြည်ပ ဧည့်သည်များအတွက် သုံးရက် ဗီဇာကင်းလွတ်နေထိုင်ခွင့်ကို ဇန်နဝါရီ ၁ ရက်က စတင်လုပ်ပေးခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

တရုတ်နိုင်ငံသို့ ၅၁ နိုင်ငံမှ လာရောက်လည်ပတ်သည့် ခရီးသွားအများစုမှာ အမေရိကန် ပြည်ထောင်စု၊ ဩစတြေးလျ၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် အင်္ဂလန်နိုင်ငံတို့မှ ဖြစ်သည်။ ဗီဇာကင်းလွတ်နေထိုင်ခွင့်ဖြင့် လာရောက်သော ပြည်ပဧည့်သည်များ အနေဖြင့် ရှန်ယန်းတောင်ရှန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့မဟုတ် တာ့လီကျူရှွီဇီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ပါကအဆိုပါ မြို့နှစ်မြို့အတွင်း သုံးရက်နေထိုင်နိုင်သည်။ သို့သော်လည်း ပြည်ပဧည့်သည် များအနေဖြင့် မမျှော်လင့်ဘဲ သုံးရက်ထက် ပိုမိုနေထိုင်ရမည်ဆိုပါက တရုတ်နိုင်ငံနေထိုင်ခွင့် ဗီဇာကိုလည်း လျှောက်ထားသင့်ကြောင်း၊ ပေကျင်း၊ ရှန်ဟိုင်း၊ ချန်ဒူးနှင့် ချုံချင်းတို့တွင်လည်း သုံးရက် ဗီဇာကင်းလွတ်နေထိုင်ခွင့်ကို လုပ်ပေးနေကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ အကူအညီဖြစ်သော JICA ODA LOAN ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါလမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရန် ပြင်ပကုမ္ပဏီများအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

စဉ်	လမ်းအမည်	ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား
၁။	မကျီးကန်-၄ ကံအော်စမ်း-ကျိုက်ထော်လမ်း	ကွန်ကရစ်လမ်း
၂။	ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း	ကတ္တရာလမ်း

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၁၄ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၄-၁-၂၀၁၄ ရက်
၄။ **ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက်** - ၂၁-၁-၂၀၁၄ ရက်
၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၈-၁-၂၀၁၄ ရက် မွန်းတည့် ၁၂:၀၀နာရီ
၆။ **တင်ဒါဖွင့်မည့်ရက်** - ၂၈-၁-၂၀၁၄ ရက် မွန်းလွဲ ၁:၀၀နာရီ
၇။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီး၊ ရုံးအမှတ် ၁၁၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀

ဖခင်အမည်မှန်

မောင်ရန်နိုင်ဖြိုး ၁၃/လရန (နိုင်) ၁၄၅၈၁၈၏ ဖခင်အမည်မှန်မှာ ဦးအိုက်ပန် (ခ) ဦးခမ်းပန် တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
(၂/၂၀၁၃)

နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၅)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်သော လမ်းများတွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းလုပ်ငန်းသုံးပစ္စည်းလေးမျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ ခွဲကျောက်(ရွယ်စုံ) - (၂၁၇၄) ကျင်း
၂။ ကျောက်ရောမြေ - (၁၁၉၆) ကျင်း
၃။ အုတ် - (၂၇၁၆၂၀)ချပ်
၄။ သံမဏိအကာအကွယ်တန်း - (၂) မိုင်
တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁-၂၀၁၄ရက်မှ၁၀-၁-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း)
တင်ဒါဖွင့်မည့်ရက် - ၁၀-၁-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ

အသေးစိတ်အချက်အလက်များကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)ပျဉ်းမနားမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၂၁၁၂၀၊ ၀၉-၄၄၂၀၇၄၈၉၂၊ ၀၉-၄၂၀၇၁၂၀၃၆

ပျောက်ဆုံး

ဦးကျော်စွာဝင်း Passport No. M 890068 ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။
ဖုန်း-၄၂၅၃၁၃၂၀၆

မန်စီးတီးအတွက် ရလဒ်ကောင်းမယ့် အက်ဖ်အေဖလား

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွေကို ဇန်နဝါရီ ၄ ရက်မှာ ကစားတဲ့အခါ ဘလက်ဘန်းနဲ့မန်စီးတီး၊ ဗီလာနဲ့ရှက်ဖ်ဖီး၊ မစ်ဒယ်ဘရော့နဲ့ ဟားလ်စီးတီးတို့ပွဲစဉ်က ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရပါဦးမယ်။

အသင်းငယ်တွေလည်း မျှော်မှန်းခွင့်ရရှိတဲ့ အက်ဖ်အေဖလားပွဲစဉ်တွေကတော့ မျှော်လင့်ချက်ကိုယ်စီနဲ့ ဖြတ်သန်းနေရဆဲဖြစ်ပါတယ်။

ဘလက်ဘန်းနှင့် မန်စီးတီး

ဘလက်ဘန်းဟာ မန်စီးတီးကို အနိုင်ကစားနိုင်စွမ်းရှိတဲ့ အစဉ်အလာရှိထားပါတယ်။ ဒါပေမယ့် လက်ရှိအနေအထား အရကတော့ မန်စီးတီးရဲ့ တိုက်စစ်အားကောင်းနေမှုကို ဘလက်ဘန်းခံစစ်မှူးတွေ ဟန့်တားနိုင်ဖို့တော့ သံသယဖြစ်စရာပါပဲ။

အိမ်ကွင်းဆိုပေမယ့် ဘလက်ဘန်းတို့ခြေစွမ်းက မတည်ငြိမ်တာမို့ ပြတ်သားတဲ့ရလဒ်အတွက် မန်စီးတီးတို့ပဲ ပုံဖော်သွားမယ်လို့ ယူဆပါတယ်။

မစ်ဒယ်ဘရော့နှင့် ဟားလ်စီးတီး

အိမ်ကွင်းမှာ ပြိုင်ဘက်အသင်းတွေ ပျာယာခပ်နေအောင် ကစားတတ်တဲ့ မစ်ဒယ်ဘရော့ဟာ ဧည့်သည် ဟားလ်စီးတီးကို ဖိအားပေးဖို့ ကြိုးစားပါလိမ့်မယ်။

ဟားလ်စီးတီးဟာ အဝေးကွင်းမှာ ရလဒ်ပုံဖော်မှု အားနည်းချက်တွေ ရှိနေတာမို့ အခုပွဲမှာလည်း အမှတ်ရဖို့ခဲယဉ်းပါလိမ့်မယ်။ ဒီပွဲက အိမ်ရှင်တို့အတွက် သုံးမှတ်သေချာစေမယ့် ပွဲပါပဲ။

ဗီလာနှင့် ရှက်ဖ်ဖီး

ဧည့်သည်ရှက်ဖ်ဖီးတို့ ခက်ခဲစေမယ့် ပွဲကျပ်ဖြစ်နေပါတယ်။ ဗီလာတို့က ရှက်ဖ်ဖီးနဲ့တွေ့တိုင်း အသာစီးရယူနိုင်တာ များနေတတ်တာမို့ တိုက်စစ်၊ ခံစစ်အားနည်းချက်ရှိတဲ့ ရှက်ဖ်ဖီးတို့ရင်မောရမယ့် အနေအထားရှိပါတယ်။ အိမ်ရှင်အတွက် အနိုင်ဆိုတာ သတ်မှတ်နိုင်တဲ့ပွဲဖြစ်ပါလိမ့်မယ်။

မိုးမြင့်လင်းလက်

နော့ဝှစ်နှင့် ဖူလ်ဟမ်

ခြေစွမ်းယိမ်းယိုင်နေတဲ့ နှစ်သင်းဆုံကြတဲ့ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ ခြေစွမ်းကောင်းအောင်ရုန်းကန်နေကြရတဲ့ အခြေအနေမို့ အကြိတ်အနယ်ရှိမယ့်ပွဲစဉ်ပါပဲ။

နော့ဝှစ်က အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းကျဆင်းနေတာမို့ ခြေစွမ်းပိုမာတဲ့ ဧည့်သည့်ဘက်ကပဲ ရပ်တည်လိုပါတယ်။

ပေါလင်ဟို တစ်လနားရမည်

စပါးကွင်းလယ်ကစားသမား ပေါလင်ဟိုသည် စတုတ်နှင့် ကစားသည့်ပွဲ ခြေမျက်စိထိခိုက်ဒဏ်ရာ ရရှိသွားသဖြင့် အနည်းဆုံးတစ်လကြာ အနားယူရမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

အသက်၂၅နှစ်အရွယ်ရှိ ပေါလင်ဟိုသည် စပါးကသုံးဂိုးပြတ်ဖြင့် အနိုင်ရသည့် ၎င်းပွဲတွင် ၆၂ မိနစ်ကြာ ကစားပြီးနောက် ကွင်းထဲမှထွက်သွားခဲ့ရသည်။

ဘရာဇီးကစားသမား ပေါလင်ဟိုသည် ပရီမီယာလိဂ်လေးပွဲနှင့် အာဆင်နယ်နှင့် ကစားမည့် အက်ဖ်အေ တတိယအကျော့ပြိုင်ပွဲများ လွဲချော်လိမ့်မည်ဟုဆိုသည်။ ပေါလင်ဟိုသည် ဇူလိုင်လက စပါးသို့ ကိုရင်သီယန်ကလပ်မှ ပေါင် ၁၇ သန်းဖြင့် ပြောင်းရွှေ့လာပြီးနောက် ၂၂ ပွဲကစားရာတွင် လေးဂိုးသွင်းယူပေးထားသည်။

အင်ဒီမာရေး ကွာတားတက်

ဗြိတိသျှနာမည်ကြီး တင်းနစ်ကစားသမား အင်ဒီမာရေးသည် ကာတာနိုင်ငံ၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလားတင်းနစ်ပြိုင်ပွဲနေရာလုပွဲ အဆင့်တွင် ကာတာတင်းနစ်ကစားသမား မိုဇာဇေယက်အား အနိုင်ရပြီး ကွာတားဖိုင်နယ်ပြိုင်ခွင့်နေရာရရှိသွားသည်။ မာရေးသည် စက်တင်ဘာလက ကျောခွဲစိတ်ခံယူပြီးနောက် ပထမဆုံး အကြိမ် တင်းနစ်ပြန်ကစားခြင်းဖြစ်သည်။ ၂၀၁၃ ဝင်ဘယ်ဒန်ချန်ပီယံမာရေးသည် ကမ္ဘာ့အဆင့် ၂၁၁၉ ဆင့်ရှိ ဇေယက်အား ၃၇ မိနစ်ကြာကစားပြီး ၆-၀၊ ၆-၀ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကွာတားဖိုင်နယ်တွင် ဂျာမနီမှ ဖလော ရီယန်မေယာနှင့် ကစားရမည်ဖြစ်သည်။

မန်စီးတီးတို့ ဆွမ်ဆီးကိုအနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၂၀)ယှဉ်ပြိုင်သည့် ဇန်နဝါရီ ၁ ရက်တွင် မန်စီးတီးတို့ ဆွမ်ဆီးကို အနိုင်ယူ၍ နှစ်သစ်အောင်ပွဲစတင်ခဲ့သည်။ အဝေးကွင်းသွားရောက်ကစားခဲ့သော မန်စီးတီးအတွက် ပွဲချိန် ၁၄ မိနစ်တွင် ဖာနန်ဒင်ဟိုက အဖွင့်ဂိုးသွင်းယူပေးသည်။ ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ဆွမ်ဆီးအတွက် ဘိုနီကချေပဂိုးသွင်းယူပေးသည်။ ဒုတိယပိုင်း ၅၈ မိနစ်တွင် ယာယာတိုရေးက ဒုတိယဂိုးသွင်းယူ၍ ပွဲကိုဦးဆောင်ခဲ့သည်။ ၆၆ မိနစ်တွင် ကိုလာရော့ဗ်က တတိယဂိုးဆက်လက်သွင်းယူပေးပြီး ပွဲကိုဦးဆောင်နေရာ ဆွမ်ဆီးတို့ ချေပဂိုးရရှိရေး ကြိုးစားမှုကြောင့် ပွဲပြီးခါနီးတွင် ဘိုနီက ဒုတိယဂိုး သွင်းယူပေးသည်။ ပွဲအပြီးတွင် မန်စီးတီးတို့ သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ နှစ်သစ်ကို နိုင်ပွဲဖြင့် လှပစေခဲ့သည်။

ချယ်လ်ဆီးအရှုံးပေါ်

ချယ်လ်ဆီးအသင်းသည် ၂၀၁၃ ခုနှစ် ဇွန်လကုန်အထိ တစ်နှစ်တာအတွင်း ပေါင် ၄၉ ဒသမ ၄ သန်း အရှုံးပေါ်ခဲ့ကြောင်း ၎င်းကလပ်က ကြေညာသည်။ ချယ်လ်ဆီးအသင်းသည် လွန်ခဲ့သော ၁၂ လတာကာလအတွင်း ပေါင် ၂၅၅ ဒသမ ၈ သန်းဖြင့် လည်ပတ်ခဲ့သည်။

သို့သော်လည်း ပြီးခဲ့သည့်နှစ် ချန်ပီယံလိဂ်အုပ်စုအဆင့်မှစပြီး ဝင်ငွေကျဆင်းခဲ့သည်။ ချယ်လ်ဆီးအသင်းနှင့် ၂၀၁၃ ခုနှစ်အတွင်း ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်သော်လည်း ၂၀၁၂ ခုနှစ်က ချန်ပီယံလိဂ်ဖလားဆွတ်ခူးစဉ်က ရရှိသည့် ဝင်ငွေထက် နည်းပါးခဲ့သည်။ ၂၀၁၃ ခုနှစ်ဝင်ငွေနည်းရခြင်း အဓိကအကြောင်းအရင်းမှာ ယမန်နှစ်က ချန်ပီယံလိဂ် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

မက္ကာရွိုင်းနှင့်ဝေါ့ဇ်နီယာစကီလက်ထပ်မည်

ကမ္ဘာကျော်ဂေါက်သီးကစားသမား ဂိုရီမက္ကာရွိုင်းနှင့်နာမည်ကြီးတင်းနစ်အားကစားမယ်ဝေါ့ဇ်နီယာစကီတို့လက်ထပ်ကြတော့မည်ဖြစ်ကြောင်း ၎င်းတို့နှစ်ဦးက ထုတ်ဖော်ကြေညာလိုက်သည်။

ဂရင်းဆလမ်ဖလားနှစ်လုံး ဆွတ်ခူးခဲ့ဖူးသည့် အသက် (၂၄နှစ်) ရှိ မက္ကာရွိုင်းနှင့် အသက် (၂၃နှစ်)ရှိ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း ဝေါ့ဇ်နီယာစကီတို့သည် ယင်းတို့၏အစီအစဉ်ကို တွစ်ဘာဝက်ဘ်ဆိုက်မှ တစ်ဆင့်ထုတ် ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။ "လူတိုင်းဟာ နှစ်သစ်မှာ ပျော်ရွှင်နေကြသလို ၂၀၁၄ ခုနှစ်ကတော့ ကျွန်တော့်အတွက် အထူးခြားဆုံးနှစ်ပါပဲ"ဟု မက္ကာရွိုင်းက ပြောသည်။ မြောက်အိုင်ယာလန်သားမက္ကာရွိုင်းနှင့်ဒိန်းမတ်တင်းနစ်မယ်ဝေါ့ဇ်နီယာစကီသည် ၂၀၁၁ ခုနှစ်ကတည်းကစတင်တွဲခဲ့ပြီး ပရိသတ်များအကြား လူသိရှင်ကြား တွဲလာခဲ့ကြသည်။



နိုင်ငံတကာအားကစားသတင်း

ပြင်သစ်လီဂူး ဂိုးအများဆုံး ၁၀ ဦး

သီဟ

အမည်	- အီဗရာဟီမိုဗစ်
နိုင်ငံ	- ဆွီဒင်
အသက်	- ၃၂
အသင်းဟောင်း	- အေစီမီလန်
လက်ရှိအသင်း	- ပီအက်စ်ဂျီ

စဉ်	အမည်	ဂိုး	အသင်း
၁။	အီဗရာဟီမိုဗစ်	၁၅	ပီအက်စ်ဂျီ
၂။	ကာဗာနီ	၁၂	ပီအက်စ်ဂျီ
၃။	အဘော့ဘာကာ	၁၁	လော်ရီယန့်
၄။	ဖယ်လ်ကာအို	၉	မိုနာကို
၅။	လာကာဇက်တီ	၉	လိုင်ယွန်
၆။	ဒီဂျော်ဒီဂျီဗစ်	၈	နန့်တက်စ်
၇။	ရီဗီယား	၈	မိုနာကို
၈။	ဂျစ်နက်	၈	မာဆေး
၉။	စီဗီတနစ်ချ်	၇	နိုက်စ်
၁၀။	ဒိုယာဘိတ်	၇	ဘော်ဒိုး

ကလပ်ခြေစမ်းပွဲ ဇန်နဝါရီ ၂

ပီအက်စ်ဂျီ	-	ရီးရဲမက်ဒရစ်	ည ၉း၁၅

ပီအက်စ်ဂျီ Vs ရီးရဲမက်ဒရစ်

စပိန်လာလီဂါ ထိပ်သီးအသင်းနှင့် ပြင်သစ်လီဂူးထိပ်သီးအသင်းတို့ ရာသီဝက် ချစ်ကြည်ရေးခြေစမ်းမယ့်ပွဲမှာ အဓိကကစားသမားနှစ်ဦးရဲ့ ကမ္ဘာ့ဖလား မကျေပွဲလို့ ဆိုရမယ့် ဆွီဒင်ရဲ့ မိုဗစ်နဲ့ ပေါ်တူဂီသား စီရော်နယ်ဒိုတို့ရဲ့ အားပြိုင်မယ့်ပွဲပါပဲ။ ပထမအကြိမ်ခြေစမ်းပွဲတုန်းက စပိန်မြေမှာ ရီးရဲတို့ ၁-၀ နဲ့ နိုင်ထားပြီး ၂၃မိနစ်မှာ ဘင်ဇီမာရဲ့ တစ်လုံးတည်းသောဂိုးနဲ့ အိမ်ရှင်တို့ အနိုင်ယူထားတာပါ။ ပြင်သစ်မြေမှာ အိမ်ရှင်ပီအက်စ်ဂျီတို့ ပြန်လည်ချေပနိုင်မလား၊ ရီးရဲအသင်းဟာ ဒီရာသီမှာ အဝေးကွင်းညံ့ပြီး အားပျော့နေပါတယ်။ အသင်းကြီးနှစ်သင်းခြေစမ်းပွဲဆိုပေမယ့် ကြည့်ကောင်းမယ့် ပွဲဖြစ်ပြီး အိမ်ကွင်းမှာ ပီအက်စ်ဂျီတို့ ပြန်ချေပနိုင်မှာပါ။

၂၀၁၄ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံပြိုင်ပွဲကြေညာချက်

၁။ အရည်အသွေးကောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးအတွက် ရည်ရွယ်၍ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။

ကျင်းပမည့်ရက် - ၂၀၁၄ ခုနှစ် မတ် ၂ ရက် (တောင်သူလယ်သမားနေ့)

ကျင်းပမည့်နေရာ - စက်စက်ယို အဆင့်မြင့်ဇေက ၉၀၀ စံပြစိုက်ကွင်း၊ နေပြည်တော်

၂။ သီးနှံအလိုက် ပြိုင်ပွဲဆုရရှိသူများကို

ပထမဆု - ကျပ် တစ်သိန်း

ဒုတိယဆု - ကျပ် ခုနစ်သောင်း

တတိယဆု - ကျပ် သုံးသောင်းချီးမြှင့်ပါမည်။

၃။ နေပြည်တော် ကောင်စီနယ်မြေအတွင်း မြို့နယ် ရှစ်မြို့နယ်မှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

၄။ ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ်များသည် မိမိစိုက်ခင်းနှင့်အတူ မှတ်တမ်းဓာတ်ပုံ ကြိုတင်တင်ပြရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြိုတင်ကွင်းဆင်းကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်လိုသည့် စိတ်ကြိုက်သီးနှံအမျိုးအစားနှင့် သီးနှံအရေအတွက်ကို မတ်လ ၁ ရက် နံနက် ၁၀ နာရီမတိုင်မီအရောက် စက်စက်ယို အဆင့်မြင့်ဇေက ၉၀၀ စံပြစိုက်ကွင်း၊ သစ်သီးဝလံပြခန်းသို့ ပေးပို့အပ်နှံရပါမည်။

၆။ သီးနှံအလိုက် ယှဉ်ပြိုင်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို အချိန်မီ ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များက အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။

၇။ ပြိုင်ပွဲဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ဆက်သွယ်ရမည့်ဌာန - စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) ဆက်သွယ်ရမည့် ဖုန်းနံပါတ် - ၀၆၇-၄၁၀၀၀၇

(ဂ) ဆက်သွယ်ရမည့် ဖက်စ်အမှတ် - ၀၆၇-၄၁၀၁၃၈

"TRIPLUS COLLECTION မှ 2014 နှစ်သစ်ဆုတောင်းမေတ္တာပို့သခြင်း

TRIPLUS COLLECTION မှ ထုတ်လုပ်သော အင်္ကျီအဝတ်အထည်များကို ဝယ်ယူအားပေးဝတ်ဆင်ကြသော ပရိသတ်များနှင့် အနယ်နယ်အရပ်ရပ်မှ ဖြန့်ချိရောင်းချပေးနေသော အရောင်းကိုယ်စားလှယ်ကြီးများအားလုံး နှစ်သစ်မှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အလုပ်အကိုင် စီးပွားလာဘ်လာဘများ တိုးတက်အောင်မြင်ပါစေကြောင်း TRIPLUS မိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကိုခန့်နိုင်-မခိုင်သင်းကြည်
သမီး စံထိပ်ထားဦး
TRIPLUS မိသားစု

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မှန်သားပေါ်က စာမျက်နှာ

နိုင်လင်း(စက်မှု)

မှန်အစ ဖန်ထည်ကဟု ဆိုနိုင်ပါသည်။ သဲကို အဓိကထား ကျိုချက်ခြင်းဖြင့်မှန်နှင့် ဖန်ကိုရရှိနိုင်ပါသည်။ ရောမခေတ်ဖိနီရှန်လူမျိုး ရေကြောင်းကုန်သည်များ ပါလက်စတိုင်းကမ်းခြေတစ်ခုအနီး ချက်ပြုတ်စားသောက်ကြရာမှ ဖန်ကို စတင်တွေ့ရှိခဲ့သည်။ လှေပေါ်တွင် အသင့်ပါရှိသော ဆိုဒါအရိုင်းတုံးများကို ဖိုခနောက်ပြုလုပ်ခဲ့ရာ မီးအပူရှိန်ကြောင့် ဖိုခနောက်အောက်ရှိ သဲနှင့် ဆိုဒါအရိုင်းတုံးများ အရည်ပျော်ပေါင်းစပ်ပြီး ထုတ်ချင်းပေါက်မြင်နိုင်သော ပျော်ရည်တစ်ခုဖြစ်လာသည်ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့သည်။ ထိုအရည်အေးခဲသွားသောအခါ ယခုခေတ်ဖန်ဟုခေါ်သော ပစ္စည်းဖြစ်လာသည်ဟု ဆိုပါသည်။

ရောမခေတ်တွင် ဖန်ထည်လုပ်ငန်းများ တိုးတက်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ဥရောပနှင့် အမေရိကသို့ ပျံ့နှံ့ခဲ့သည်။ မှန်နှင့်ပတ်သက်၍ (၁၀)ရာစု အစောပိုင်းကပင်တွေ့ရှိခဲ့ပါသည်။ (၁၇)ရာစုအရောက်တွင် မှန်ထုတ်လုပ်မှုနည်းပညာများတစ်ဟုန်ထိုး တိုးတက်ခဲ့ပြီး အတွင်းမှသာ မြင်နိုင်သော မှန်များ၊ မှန်လုံအိမ်တည်ဆောက်နိုင်သော မှန်ချပ်ကြီးများ၊ အလွန်ထူအလွန်ပါးသောမှန်များ၊ ဒီဇိုင်းအမျိုးမျိုးဖြင့် ဖန်တီးထားသောမှန်များနှင့် အလွန်ကောင်းမွန်သော ကြည့်မှန်များကို စက်ဖြင့် အပြိုင်ထုတ်လုပ်နိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပျူခေတ်နှင့် ပုဂံခေတ်ကတည်းကပင် ဖန်ထည်ပစ္စည်းများ ထုတ်လုပ်အသုံးပြုခဲ့ကြောင်းနှင့် ရှေးမြန်မာမင်းများ လက်ထက် သာစည်မြို့တောင်ဘက်ရှိ ညောင်ရမ်းကျေးရွာ၌လည်း ဖန်ချက်ခဲ့ကြောင်း သိရှိရသည်။ ထို့နောက်ပိုင်း ကုန်းဘောင်ခေတ်၊ မင်းတုန်းမင်းကြီးလက်ထက် မန္တလေးမြို့၌ မောင်ရွှေအိုးအား ဖန်ချက်ဝန်အဖြစ် ခန့်အပ်၍ စက်ရုံတည်ဆောက်စေကာ ဖန်ထည်ပစ္စည်းများထုတ်လုပ်နိုင်ခဲ့ပါသည်။ မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋိတိုက်နှင့် မြတောင်ကျောင်းတို့တွင် တပ်ဆင်ထားသော ဖန်ပွတ်လုံးအစိမ်းကြီးများမှာ မြန်မာ့လက်ရာများပင် ဖြစ်ပါသည်။

စစ်ပြီးခေတ် မြန်မာနိုင်ငံတွင် ဖန်ချက်စက်လေးလုံးခန့် တည်ထောင်နိုင်ခဲ့ပြီး နဂါးဖန်ချက်စက်ရုံမှ အဆင့်အတန်းမြင့် ဖန်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီး နိုင်ငံပိုင်စက်ရုံအဖြစ် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ဘုရားကုန်းကျေးရွာအနီး၌ ဖန်ချက်စက်ရုံ (သန်လျင်)ကို ၁၉၆၅ ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ဖန်ပုလင်းအမျိုးမျိုး၊ အိမ်သုံးဖန်ထည်ပစ္စည်းအမျိုးမျိုး၊ မီးသီး၊ မီးချောင်း၊ ဓာတ်ဘူးဖန်သားနှင့် စက်မှုကုန်ကြမ်းဆိုဒီယမ်ဆီလီကိတ်များ ထုတ်လုပ်နိုင်ခဲ့ပါသည်။ အလားတူ နိုင်ငံပိုင်စက်ရုံအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြောက်ဘက် (၇)မိုင်ခန့်အကွာ ပုသိမ်ဝါးယားချောင်းကားလမ်းပေါ်ရှိ ကြည်သာကျေးရွာအနီးတွင် မှန်စက်ရုံ (ပုသိမ်)ကို ၁၉၇၇ ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ အဓိက ကုန်ကြမ်းဖြစ်သည့် သဲကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်ရှိ အလယ်မန်ကျွန်းမှရရှိ၍ စက်ရုံတည်ရှိရာ ပုသိမ်အရောက်ဆွဲသင်္ဘော၊ ရေယာဉ်တွဲများဖြင့် သယ်ယူအသုံးပြုရပါသည်။ စက်ရုံ၏ ထုတ်ကုန်အမျိုးအစားမှာ ရိုးရိုးမှန်အကြည်ဖြစ်ပြီး ၃ မီလီမီတာမှ ၈ မီလီမီတာအထိ မှန်အထူအမျိုးမျိုးကို ထုတ်လုပ်ပေးပါသည်။ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အဖြစ် ဟောင်ကောင်၊ ဂျပန်၊ စင်ကာပူ၊ ထိုင်းနှင့် သီရိလင်္ကာနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်ခဲ့ပါသည်။

မှန်စက်ရုံတစ်ရုံကို သာမန်စက်မှုလုပ်ငန်းတစ်ခုအဖြစ် အမှတ်မထင်တွေ့မြင်နိုင်သော်လည်း လက်တွေ့လုပ်ကိုင်နေရသော လုပ်ငန်းသဘာဝအတိမ်အနက်ကို တကယ်တမ်းသိရှိရပါက အလွန်နက်နဲခက်ခဲသည့်လုပ်ငန်းအဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။ အပူချိန် ၁၆၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူပေးကျိုချက်ရသော မှန်ရည်ကျိုမီးဖိုကြီး၏ မီးဖိုသက်တမ်းခြောက်နှစ်အတွင်း စဉ်ဆက်မပြတ်မှန်ရည်ကျိုချက်၍ မှန်များထုတ်လုပ်ရပါသည်။ သက်တမ်းပြည့်သည့်အခါ မှန်ရည်ကျိုမှုရပ်ဆိုင်း၍ အအေးခံကာ လိုအပ်သည့် မီးခံအုတ်များကို အစားထိုးလဲလှယ်လျက် မီးဖိုကြီးကို ကုန်ကျစရိတ်ကြီးမားစွာပြန်လည်တည်ဆောက်ရပါသည်။ စဉ်ဆက်မပြတ်ထွက်ရှိနေသော မှန်များကို ဈေးကွက်သို့ အလျဉ်မီဖြန့်ဖြူးပေးရန် လိုအပ်သလို အဓိကကုန်ကြမ်းဖြစ်သည့်သဲများကို စက်ရုံအရောက် ကုန်ကျစရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်ရရှိရေးအတွက်လည်း အလျဉ်မီ ဆောင်ရွက်ရပါသည်။ စက်ရုံ၏တည်နေရာအနေအထား၊ လောင်စာ၊ စွမ်းအင်နှင့်ကုန်ကြမ်းရရှိမှု၊ စက်များ၏ကြံ့ခိုင်မှုအခြေအနေနှင့် ထုတ်လုပ်နိုင်မှုပမာဏတို့အပေါ်မူတည်ပြီး စီးပွားရေးတွက်ခြေကိုက်ရန် သင့်လျော်သော အခြေအနေကောင်းများ ဖန်တီးရမည်ဖြစ်သည့်အပြင် မှန်အရည်အသွေးအနေဖြင့်လည်း ပြင်ပဈေးကွက်ရှိ မှန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရမည်ဖြစ်ပါသည်။

မှန်ရည်ကျို မီးဖိုကြီးမှ မှန်ရည်များဆွဲတင်ရာတွင် ဒေါင်လိုက်မှန်ဆွဲစနစ်နှင့် ရေပြင်ညီမှန်ဆွဲစနစ်များဖြင့် ဆွဲတင်ရပါသည်။ ဒေါင်လိုက်မှန်ဆွဲစနစ်ဖြင့် မှန်ဆွဲတင်ရာတွင် မှန်သားညီညာပြန့်ပြူးမှု အားနည်းပါသည်။ ခေတ်မီနည်းစနစ်ဖြစ်သည့် သံဖြူရည်ပေါ်ဖိအား၊ အပူချိန်ပုံမှန်ထားပြီး ရေပြင်ညီမှန်ဆွဲစနစ်ဖြင့် မှန်ဆွဲမှုက မှန်သားညီညာပြန့်ပြူးမှု အကောင်းဆုံး ဖြစ်ပါသည်။

နိုင်ငံတော်အတွက် ထပ်မံအားထားရမည့် နိုင်ငံပိုင်စက်ရုံတစ်ရုံဖြစ်သည့် မှန်စက်ရုံ (ကျောက်ဆည်)ကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျောက်ဆည်မြို့၏ အရှေ့ဘက်ငါးမိုင်အကွာ၊ ယင်းစွဲတောင်ခြေအနီး ကျောက်ဆည်စက်မှုနယ်မြေတွင် ၂၀၀၉ ခုနှစ်မှစ၍ တည်ဆောက်အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်အတွင်း စက်ပစ္စည်းများ တပ်ဆင်ပြီးစီးခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မှန်ရည်ကျိုမီးဖိုကြီးကို မီးပျိုးလျက် ခေတ်မီရေပြင်ညီမှန်ဆွဲစနစ်ဖြင့် အရည်အသွေးကောင်းမွန်သော ရိုးရိုးမှန်နှင့် အဆင့်မြင့်မှန်များကို စတင်ထုတ်လုပ်သွားပါမည်။

တစ်နှစ်လျှင် စက်လည်ရက် ၃၆၅ ရက်၊ တစ်ရက်လျှင် အဆိုင်းသုံးဆိုင်းဖြင့် ထုတ်လုပ်မှုဆောင်ရွက်ပါသည်။ တစ်ရက်လျှင် မှန်ရည် ၁၅၀ တန် ကျိုချက်နိုင်ပြီး ရိုးရိုးမှန်နှင့် အဆင့်မြင့်မှန်၊ မှန်ချောအမျိုးမျိုး ၁၁၇ တန် ထုတ်လုပ်ပေးနိုင်သည်။ မှန်စက်ရုံ(ကျောက်ဆည်)၏ အဓိကကုန်ကြမ်းဖြစ်သည့် မှန်ချက်သဲကို စက်ရုံအနီး ယင်းစွဲတောင်မှထုတ်လုပ်ရရှိပြီး အဓိကစွမ်းအင်ဖြစ်သည့်သဘာဝဓာတ်ငွေ့ကို ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ချိတ်ဆက်ရရှိ၍ တစ်ရက်လျှင် ရိုးရိုးမှန်တန် ၃၀ သာထုတ်လုပ်နိုင်သောမှန်စက်ရုံ(ပုသိမ်)ထက် သယ်ယူပို့ဆောင်မှုစရိတ်နှင့် ထုတ်လုပ်မှုစရိတ်များစွာ သက်သာမှုရစေပါသည်။

မှန်ထုတ်လုပ်ရာတွင် အရောင်မှန်နှင့် မှန်အကြည်ဟူ၍နှစ်မျိုးခွဲခြားထုတ်လုပ်ပါသည်။ မှန်အကြည်မှ တစ်ဆင့်အဆင့်မြင့်မှန်အမျိုးမျိုးထုတ်လုပ်ပါသည်။ အဆင့်မြင့်မှန်များကိုလည်း ရိုးရိုးမှန် အကြည်၊ လွှာထပ်မှန်၊ အားဖြည့်မှန်နှင့်ကြည့်မှန်ဟူ၍ အုပ်စုများခွဲခြားနိုင်ပါသည်။ လွှာထပ်မှန်အုပ်စုမှ လုံခြုံရေးမှန်၊ အန္တရာယ်ကင်းမှန်နှင့်ကျည်ကာမှန်များ ထုတ်လုပ်ပေးပါသည်။ အားဖြည့်မှန်အုပ်စုမှလည်း လေကာမှန်နှင့် အန္တရာယ်ကင်းမှန်များ ထုတ်လုပ်ပေးပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းသုံး လွှာထပ်မှန်များနှင့် မော်တော်ယာဉ်သုံး လွှာထပ်မှန်များကိုလည်း အကွေးအဖြောင့်၊ အထူအပါး၊ အရွယ်အစားအကြီးအသေးအလိုက်ခွဲခြားထုတ်လုပ်ပေးပါသည်။ ပြင်ပမှ မှန်များကိုလည်း စိတ်ကြိုက်အပ်နှံဝယ်ယူ၍ အဆင့်မြင့်မှန်များအဖြစ် ဈေးကွက် တိုးမြှင့်ဆင့်ပွားထုတ်လုပ်ပေးနိုင်စွမ်းရှိပါသည်။ လက်ရှိပြင်ပတွင် ဝယ်ယူရရှိသော အဆင့်မြင့်မှန်များ၏ ပြင်ပပေါက်ဈေးထက်လည်း သက်သာစွာရောင်းချပေးနိုင်မည်ဖြစ်သဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့လည်း ယှဉ်ပြိုင်တင်ပို့နိုင်မည့်အခြေအနေကောင်းများ ရရှိလာပါမည်။

လက်ရှိမှန်စက်ရုံ(ကျောက်ဆည်)အနေဖြင့် စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အကြီးစားစက်ရုံများအနက် အမှတ်(၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်)အဖြစ် မှန်စက်ရုံ(ပုသိမ်)နှင့်ပေါင်းစည်းဖွဲ့စည်းလျက် အရာထမ်း၊ အမှုထမ်းအင်အား ၇၂၅ ဦးဖြင့် လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်မှုဝန်ကြီးဌာနက ချမှတ်ထားသည့် စက်မှုကဏ္ဍဆိုင်ရာ မူဝါဒများဖြစ်သည့်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး သွင်းကုန်အစားထိုးထုတ်ကုန်နှင့်ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး နည်းပညာ၊ အတတ်ပညာနှင့်ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်တွင်းရှိ သယံဇာတကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေးစသည့်အချက်များကိုလည်း အလေးပေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

မြန်မာ-ထိုင်း နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကျင်းပ

တာချီလိတ် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံမယ်ဆိုင်မြို့တို့သည် မောင်နှမမြို့များဖြစ်ကြသည်နှင့်အညီ နှစ်စဉ်နှစ်သစ်ကူးပွဲတော်ကို အတူတကွ ဆင်နွှဲလေ့ရှိရာ ၂၀၁၄ ခုနှစ်အားကြိုဆိုသည့် နှစ်သစ်ကူးမင်္ဂလာကို ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းမှ စတင်ကာ မယ်ဆိုင်မြို့ ချစ်ကြည်ရေးတံတားထိပ်တွင်ကျင်းပရာ မြန်မာနိုင်ငံသားထောင်ပေါင်းများစွာတို့အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆင်နွှဲကြရာတွင် ထိုင်းအဆိုတော်များက တေးသံသာများဖြင့်လည်းကောင်း၊ မြန်မာ-ထိုင်းနှစ်ဘာသာဖြင့် ချစ်ခင်ရင်းနှီးမှုနှုတ်ခွန်းဆက်စကားများကို လည်းကောင်း၊ ရိုးရာလမုန်းအကများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြပြီး ချစ်စဖွယ် ဆင်လိမ္မာလေးများကလည်း အတူပါဝင် ဆင်နွှဲကြသည်။

ထို့နောက် ၂၀၁၄ နှစ်သစ်အား ထိုင်းစံတော်ချိန် ၁၂ နာရီတွင်တစ်ကြိမ်၊ မြန်မာစံတော်ချိန် ၁၂ နာရီတွင် တစ်ကြိမ်မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းများ ဆောင်ရွက်ကာ နှစ်သစ်မင်္ဂလာဆုမွန်ကောင်းများ အပြန်အလှန်ပို့သခဲ့ကြကြောင်း သိရှိရသည်။

မောင်ယဉ်ကျေး

လွတ်လပ်ရေးနေ့ကိုကြိုဆို ကျေးရွာချင်းဆက်လမ်းများဖွင့်

ကျောက်တံခါး ဇန်နဝါရီ ၁

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ အောင်မြေရပ်ကွက်နှင့်တောင်သလဲပင်ကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်ဂဝံလမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ၄င်းမုခ်ဦးရှေ့၌ကျင်းပသည်။

အဆိုပါ ဂဝံလမ်းသည်အရှည် ပေ ၃၀၀၀၊ အကျယ် ၅ပေ၊ အမြင့် ၆ပေဖြစ်ကြောင်း သိရသည်။

စွယ်တော်ကတ္တရာလမ်း

အလားတူ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် စွယ်တော်လမ်းကတ္တရာလမ်းဖွင့်ပွဲကျင်းပသည်။
အဆိုပါလမ်းသည် လမ်းအရှည်ပေ ၆၆၀၊ လမ်းအကျယ် ၁၀ပေ၊ လမ်းထု ၁၂ ဒသမ ၅ လက်မဖြစ်ကြောင်း သိရသည်။

ဖဒို-ဘွဲ့ချင်-စာဖြူစုလမ်း

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာအုပ်စုရှိ ဖဒို-ဘွဲ့ချင်-စာဖြူစုကျေးရွာချင်းဆက်ဂဝံလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ (ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ ရပ်မိရပ်ဖ ဦးခင်မောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်ဂဝံလမ်းသည် လမ်းအရှည် တစ်မိုင်ခွဲ၊ လမ်းအကျယ်ခြောက်ပေဖြစ်ကြောင်း သိရသည်။

ခင်ကို (ကျောက်တံခါး)

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုရရှိသော ဘိလိယက်/စနူကာအားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက် /စနူကာ အားကစားနည်းဖြင့် ဆုတံဆိပ်ရရှိသော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် နာယကဗိုလ်မှူးကြီးကျော်ဇံလှ(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်တို့က ကြေးတံဆိပ်ရရှိကြသူများအားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းတို့ကစနူကာနှစ်ယောက်တွဲ၊ စနူကာတစ်ဦးချင်း၊ စကော့ဘိလိယက်၊ ဘိလိယက်နှစ်ယောက်တွဲ၊ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိသူများအားလည်းကောင်း၊ ဝန်ကြီးချုပ်ဦးမြင့်ဆွေက အသင်းလိုက်ဘိလိယက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်အလုပ်အမှုဆောင် ဦးမောင်မောင်ကြီးက ပြိုင်ပွဲဝင်များအားလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်စိုး(မြန်မာ့အလင်း)

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကျင်းပ

လယ်ဝေး ဇန်နဝါရီ ၁

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် ဌာနဆိုင်ရာများ တက်ရောက်အားပေးသည်။ **(ယာပုံ)**

ဆောင်ရွက်ပေး

အခမ်းအနားတွင် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ စာငှားကတ်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)

ရွှေလုပ်ငန်းရှင်များအသင်း အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်(စနေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း သခင်မြပန်းခြံအနီးရှိ WESTERN PARK RUBY RESTAURANT ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ တက်ရောက်ကြရန်နှင့် အစည်းအဝေးတက်ရောက်မည့်သူများသည် အဆိုပါရက်မတိုင်မီ အသင်းရုံး ဖုန်း-၀၉-၇၃၀၀၁၇၆၉ သို့ ကြိုတင်ဆက်သွယ်စာရင်းပို့ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့ပြအင်ဂျင်နီယာ နည်းပညာရပ်ဆိုင်ရာဟောပြော

ရန်ကုန် ဇန်နဝါရီ ၁

စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသား မြို့ပြအင်ဂျင်နီယာများဖြင့် ၂၀၁၁ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် မြန်မာမြို့ပြအင်ဂျင်နီယာအသင်း (စင်ကာပူ) (SMCES) ကကြီးမှူးပြီး ကျော်သာဆောက်လုပ်ရေးအဖွဲ့ကုမ္ပဏီလီမိတက်၏ပံ့ပိုးကူညီမှုဖြင့် မြို့ပြအင်ဂျင်နီယာ နည်းပညာရပ်ဆိုင်ရာဟောပြောဆွေးနွေးပွဲ ၂၀၁၃ (ရန်ကုန်)ကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံသား မြို့ပြအင်ဂျင်နီယာပညာရှင် ခြောက်ဦးနှင့် နိုင်ငံခြားသားပညာရှင်တစ်ဦးတို့က အထပ်မြင့်အဆောက်အအုံများ၊ Foundation အနက်တူးဖော်ခြင်းလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ Testing နှင့်ပတ်သက်သောလုပ်ငန်းများ၊ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သည့် နည်းပညာရပ်များ၊ Traffic Control နှင့်ပတ်သက်သည့် အင်ဂျင်နီယာဘာသာရပ်တို့ကို မိမိတို့၏ အတွေ့အကြုံများဖြင့် ရှင်းလင်းဟောပြောကြသည်။ **အောင်သူရ**

Facebook ပုံတူပွားခြင်းအတွက် အသိပေးချက်

မြန်မာ့အလင်းသတင်းစာ၏ facebook ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် www.facebook.com/MYANMAA-LINNNEWS ဟူ၍ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ စတင်တည်ထောင်စဉ်က ပင်မသတင်းစာတိုက်၏ အမှတ်တံဆိပ် Logo သတင်းစာခေါင်းစီးနှင့် Myanma Alinn Established in 1914 တွင် စတင်တည်ထောင်သည်ဟု ဖော်ပြခဲ့ပါသည်။

ထိုအမှတ်တံဆိပ်ဖြင့်နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာတိုက်သို့ရောက်ရှိလာသော သတင်းနှင့် ဓာတ်ပုံများကို facebook စာမျက်နှာတွင် နေ့စဉ် တင်လာခဲ့ရာ ဝင်ရောက်ဆွေးနွေးသူ ၁၂၅၉ ဦးနှင့် ၁-၁-၂၀၁၄ ရက်အထိ likes လုပ်သူ ၇၇၅၁ ဦး ရှိခဲ့ပါသည်။ ထို့အပြင် မြန်မာ့အလင်းသတင်းစာ၏ အမှတ်တံဆိပ် Logo ကို နိုဝင်ဘာလ ၂၈ ရက်နေ့မှစတင်၍ နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်၏ ဓာတ်ပုံကို နောက်ခံထားကာ မြန်မာ့အလင်း Myanma Alinn Established in 1914 ဖြင့် အသစ်ပြောင်းလဲအသုံးပြုခဲ့ပါသည်။

ထိုသို့ အသုံးပြုလျက်ရှိရာတွင် မြန်မာ့အလင်း facebook နှင့် ဆင်တူယိုးမှား facebook အတုကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်နေ့မှ စတင်၍ အွန်လိုင်းပေါ်တွင် ၎င်းတို့နှစ်သက်ရာသတင်းများဖြင့် တရားမဝင် တင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မြန်မာ့အလင်းသတင်းစာတိုက်နောက်ခံပါရှိသော မြန်မာ့အလင်း facebook မှာ တရားဝင် အစစ်အမှန် official facebook ဖြစ်ပြီး အကောင့်အသစ်ဖြင့် မြန်မာ့အလင်းသတင်းစာ facebook နှင့် ဆင်တူယိုးမှား ပြုလုပ်နေသော facebook အနေဖြင့် မူပိုင်ခွင့်ကို သတိပြုရန်နှင့် မြန်မာ့အလင်းသတင်းစာ၏ Logo အမည်နှင့် အခြားဆင်တူယိုးမှားများ တို့ကို ဆက်လက်မပြုလုပ်ရန် အသိပေးအပ်ပါသည်။

ကံထူးရှင်ပေါ်ထွက်

နေပြည်တော် ဇန်နဝါရီ ၁

အကြိမ်(၃၀၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၁၅၀၀)ဆု
ပ-၇၇၃၂၄၂

ကျပ်သိန်း(၁၀၀၀)
ဂ-၄၇၃၅၈၇

ကျပ်သိန်း(၅၀၀)
ယ-၉၁၃၆၆၇

ကျပ်သိန်း(၃၀၀)ဆု
ထ-၈၆၃၇၆၅၊ က-၅၀၁၄၄၆
ပ-၂၂၆၀၅၄

ကျပ်သိန်း(၂၀၀)ဆုများ
ကက-၃၂၁၇၈၃၊ န-၉၉၂၈၉၇၊
ဖ-၆၆၂၅၈၂၊ ဈ-၆၅၇၁၇၁၊
ဍ-၁၇၃၄၇၁၊ ပ-၉၁၈၃၄၄၊
ဘ-၂၅၄၆၈၆

ကျပ်သိန်း(၁၀၀)(မင်္ဂလာစုံတွဲ)
ဝ-၁၀၉၇၉၆၊ က-၃၅၃၇၇၈၃၊
က-၂၃၂၅၀၆၊ ဠ-၂၅၂၉၂၈၊
ဃ-၁၉၄၄၁၁၊ ကခ-၃၆၅၉၀၃၊
ဇ-၁၂၆၄၂၁၊ ည-၆၉၀၇၀၉၊
ဈ-၃၆၃၈၂၅၊ ဠ-၄၆၈၀၉၃၊
ဇ-၈၄၂၁၃၃၊ ဍ-၆၁၉၂၂၀၊
က-၄၅၈၅၀၈၊ ဟ-၅၂၃၁၄၆၊
ကခ-၉၃၇၈၄၄၊ရ-၃၅၃၂၉၃

ပြည်တွင်းသတင်း

လှည်းကူးမြို့နယ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်သို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် ကျရောက်သော (၇၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို လှည်းကူးမြို့နယ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ (ယာဉ်)

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် လှည်းကူးမြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသားကျေးရွာပေါင်း ၂၈ ရွာမှ သွေးချင်းညီအစ်ကို ကရင်တိုင်းရင်းသား ဦးရေ ၁၂၄၅၀ ကျော်ကို ကိုယ်စားပြုပါဝင်ဆင်နွဲသည့် ကရင်နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ နိုင်ငံတော်သမ္မတကြောင်း၊ ယနေ့တွင်ကျရောက်သော ကရင်အမျိုးသား နှစ်သစ်ကူးသည် သမယ ဖြစ်ခြင်းဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသား သူများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း မေတ္တာပို့သလိုက်သည်ကို အထူးတင်ပြလိုပါကြောင်း၊ မည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်မဆို တိုင်းရင်းသားညီအစ်ကိုများ ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ အတူတကွယှဉ်တွဲနေထိုင်ကြသည်ကို ထူးခြားသည့် ဝိသေသ ကြောင်း၊ ကရင်တိုင်းရင်းသားများသည် ချစ်ခြင်းမေတ္တာကြီးမားသူများဖြစ်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း ဖြစ်ကြောင်း၊ နိုးရပါကြောင်း၊ ယနေ့နှစ်သစ်ကူးပွဲတော်တွင် လှည်းကူးမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားညီအစ်ကိုများ သာမက နိုင်ငံတစ်ဝန်း၌ တောင်ပေါ်မြေပြန့်မကျန် နေရာအသီးသီး၌နေထိုင်ကြသည့် ကရင်တိုင်းရင်းသားညီအစ်ကို အားလုံးအတွက် နှစ်သစ်မင်္ဂလာ ဖြစ်ပါစေကြောင်း အလေးအနက်ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နေ့ အထိမ်းအမှတ် ဒိုးယိမ်းအကပြိုင်ပွဲ၊ ဝါးညှပ်အကပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် အလုပ်အမှုဆောင်အသစ်များဖြင့် ဖွဲ့စည်းခဲ့သော မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ပြည်ပတွင် အခက်အခဲကြုံတွေ့ရပါက ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော အတွေ့အကြုံ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်နှင့် သက်ဆိုင်ရာနိုင်ငံရှိ အလုပ်သမားသံအရာရှိတို့မှ လုပ်ငန်းစဉ်အတိုင်း ပူးပေါင်းဆောင်ရွက်၍ ဖြေရှင်းပေးရ ကြောင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပနိုင်ငံများသို့ စေလွှတ်မီ လုပ်ငန်းခွင်အကြိုသင်တန်းပေးရေး၊ ကျွမ်းကျင်မှု သင်တန်းပေးရေးနှင့် တရားဝင်ခိုင်မာသော အတွေ့အကြုံရှိသော အေဂျင်စီများဖြင့်သာ စေလွှတ်ရေး၊ အေဂျင်စီများအနေဖြင့် ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရာ၌ တရားဥပဒေနှင့်အညီ စက်ရုံ အလုပ်ရုံများ လက်လှမ်းမီနိုင်သော နေရာများသို့သာ အလုပ်သမားများအား စေလွှတ်ရေး၊ မိမိစေလွှတ်လိုက်သော အလုပ်သမားများအား အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ပါ သက်တမ်းကုန်သည်အထိ တာဝန်ယူဆောင်ရွက်ရေး၊ အလုပ်သမားများအား ကုန်ကျစရိတ်နည်းနည်းနှင့် လွယ်ကူသော လမ်းကြောင်းဖြင့် စေလွှတ်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့ပြင် အဖွဲ့ချုပ်အနေဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရေး၊ ပြည့်ဝလုံခြုံမှုရှိသည့် လုပ်သားဈေးကွက်များ ချဲ့ထွင်နိုင်ရေးတို့အတွက် ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အလုပ်သမား စေလွှတ်ရာတွင် တွေ့ကြုံရသော အခက်အခဲများ ဆက်လက်ဖော်ဆောင်မည့် လုပ်ငန်းစဉ်များ၊ အဖွဲ့ချုပ်အနေဖြင့် လုပ်ငန်းခွင် အကြိုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မည့် အခြေအနေများ ရှင်းလင်းတင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ သေနတ်ပစ်ပြိုင်ပွဲ နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သေနတ်ပစ်ပြိုင်ပွဲ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ မြန်မာအားကစားသမားများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသော ဒိုင်/ဂျူရီများ၊ Liaison officer များ၊ Volunteer officer များ၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း (ဒဂုံမြောက်)၌ ကျင်းပရာ မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ သေနတ်ပစ်ပြိုင်ပွဲ အောင်နိုင်ရေးအတွက် တာဝန်ထမ်းဆောင်ခဲ့သော Volunteer officer များ၊ Liaison officer များအား မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းစိုးက လည်းကောင်း၊ ဒိုင်/ဂျူရီများအား Myanmar Bestin Co.,Ltd. ဒါရိုက်တာ ဒေါ်ယဉ်ယဉ်မြင့်က လည်းကောင်း၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူ၊ နည်းပြများ၊ သေနတ်ပစ်ပြိုင်ပွဲဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အဖွဲ့ချုပ် ဥက္ကဋ္ဌက လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် နွယ်နီလမ်းရှိ အားကစားကွင်း၌ ယနေ့ နံနက် ၆ နာရီက (၅၅) ကြိမ်မြောက် ကရင်နှစ်သစ်ကူး ပွဲတော်ကျင်းပရာ အခမ်းအနားတွင် သဘာပတိ(ယာယီ) ဥက္ကဋ္ဌ ဦးစောဘကြည်ဦးက အမှာစကားပြောကြားပြီး ကရင်နှစ်သစ်ကူး ကျင်းပရေး(ဗဟို) ကော်မတီ၏ သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် ပွဲတော်၏ နှုတ်ခွန်းဆက်စကားကို အရှေ့ပိုးကရင်ဘာသာ၊ အနောက်ပိုးကရင်ဘာသာ၊ စကောပိုးကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် ပြောကာ ကရင်အမျိုးသားသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ နံနက်နှင့် ညပိုင်းတွင် အားကစားပွဲများ၊ တေးဂီတ ဖျော်ဖြေပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

▲ *ကျောဖုံးမှ*

ခရီးသည်များအတွက် သီးသန့်စီးနင်းလိုက်ပါကာ သက်သောင့်သက်သာ စီးနင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ လက်မှတ်ခအဖြစ် ခရီးစဉ်တစ်ခုအတွက် လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြစ်ပြီး နိုင်ငံခြားသားတစ်ဦးလျှင် တစ်ဒေါ်လာနှုန်းသတ်မှတ်ထားသည်။

"ဂ" အထူးမြို့ပတ်ရထားသည် လမ်းခရီး၌ ရပ်တန့်မည့် ဘူတာများမှာ ရန်ကုန်မြို့ပတ်ဘူတာအားလုံး ၃၈ ဘူတာအပြင် တညင်းကုန်းမှ လှော်ကားအထိ လေးဘူတာတို့တွင်လည်း ရပ်တန့်မည်ဖြစ်ရာ စုစုပေါင်း ၄၂ ဘူတာ ရပ်တန့်မည်ဖြစ်သည်။ "ဂ" အထူးမြို့ပတ်ရထား၏လမ်းခရီး ဘူတာများအတွက် အချိန်စာရင်းကို သက်ဆိုင်ရာဘူတာများတွင် ကြေညာပေးထားပြီဖြစ်သည်။ "ဂ" အထူးမြို့ပတ်ရထားတွဲတိုင်းတွင် ပန်ကာများတပ်ဆင်ပေးထားပြီး ခရီးသည်များ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ မပြုလုပ်ရန်တားမြစ်ထားသည်။ လိုက်ပါစီးနင်းသည့် ခရီးသည်များအနေဖြင့် တွဲများသန့်ရှင်းရေးနှင့် ဖိုင်ဘာထိုင်ခုံများ မပျက်စီးစေရန် ဝိုင်းဝန်းကူညီထိန်းသိမ်းကာ စီးနင်းလိုက်ပါကြရမည်ဖြစ်သည်။

"ဂ" အထူးမြို့ပတ်ရထား စတင်ပြေးဆွဲသည့် ခရီးစဉ်တွင်လိုက်ပါသည့် ခရီးသည်တစ်ဦးဖြစ်သော ဒေါ်ချိုက "နေထိုင်တာက မော်လမြိုင်မြို့ကဖြစ်ပါတယ်။ တစ်နှစ်တစ်ခေါက်လောက် ရန်ကုန်ရောက်တယ်။ အရင်က ဘတ်စ်ကားစီးဖြစ်ပေမယ့် အခုမြို့ပတ်ရထားခရီးစဉ်သစ်တွေပြေးဆွဲနေတာမို့ ရထားစီးတာပါ။ တွဲပေါ်မှာ ဈေးသည်တွေကုန်ပစ္စည်းတွေမပါတော့ ရထားစီးရတာအဆင်ပြေပါတယ်"ဟု ပြောပြသည်။

"ဂ"အထူးမြို့ပတ်ရထားသည် အင်းစိန်-လှော်ကားလမ်းပိုင်းတွင် ခရီးစဉ်(၁)အဖြစ် အင်းစိန်မှ နံနက် ၆ နာရီ ၄၅ မိနစ်တွင်ထွက်ပြီး တညင်းကုန်းကိုဖြတ်ကာ လှော်ကားသို့ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ တစ်ဖန် လှော်ကား-အင်းစိန်လမ်းပိုင်းတွင် ခရီးစဉ်(၁) အဖြစ် လှော်ကားမှ နံနက် ၇ နာရီ မိနစ် ၄၀ တွင် ထွက်ခွာကာ အင်းစိန်သို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်သည်။

"ဂ" အထူးမြို့ပတ်ရထားသည် လက်ဝဲရစ်အဖြစ် အင်းစိန်မှ ရန်ကုန်သို့ ခရီးစဉ် (၃) အဖြစ်ပြေးဆွဲရာတွင် အင်းစိန်မှ နံနက် ၈ နာရီ ၂၅ မိနစ်တွင် ထွက်ပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ မိနစ် ၂၀ ၌ ဆိုက်ရောက်မည်ဖြစ်သည်။ ခရီးစဉ် (၇) အဖြစ် ရန်ကုန်ဘူတာကြီးမှ ညနေ ၆ နာရီ ၃၅ မိနစ်တွင် စတင်ထွက်ခွာပြီး အင်းစိန်ဘူတာသို့ ည ၈ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

တစ်ဖန်"ဂ" အထူးမြို့ပတ်ရထားသည် လယ်ယာရစ်အဖြစ် ရန်ကုန်မှ အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန်သို့ ခရီးစဉ်(၄)အဖြစ်ပြေးဆွဲရာတွင် ရန်ကုန်ဘူတာကြီးမှ နံနက် ၉ နာရီ မိနစ် ၃၀ တွင် စတင်ထွက်ခွာပြီး အင်းစိန်သို့ နံနက် ၁၀ နာရီ မိနစ် ၃၀ ၌ ရောက်ရှိကာ မင်္ဂလာဒုံသို့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်ပြီး ရန်ကုန်ဘူတာကြီးသို့ မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။

ထို့အတူ ခရီးစဉ်(၅)အဖြစ် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး အင်းစိန်နှင့်မင်္ဂလာဒုံတို့ကို ဖြတ်သန်းကာ ရန်ကုန်ဘူတာကြီးသို့ ညနေ ၃ နာရီ ၂၅ မိနစ်၌ ဆိုက်ရောက်မည်ဖြစ်သည်။ တစ်ဖန် ခရီးစဉ်(၆)အဖြစ် ရန်ကုန်ဘူတာကြီးမှ ညနေ ၃နာရီ မိနစ် ၃၀ တွင် စတင်ထွက်ခွာပြီး အင်းစိန်နှင့်မင်္ဂလာဒုံဘူတာများအပါအဝင် ဘူတာများ၌ ရပ်တန့်ကာ ရန်ကုန်ဘူတာကြီးသို့ ညနေ ၆ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

"ဂ"အထူးမြို့ပတ်ရထား စတင်ပြေးဆွဲသည့် ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦးဖြစ်သူ ဦးအေးကြည်က "အခုအထူးရထားက မော်ဘီအထိ ပြေးဆွဲပေးမယ်လို့ ကြားနေတာမို့ ဝမ်းသာနေတာ။ ဘယ်လိုပဲဖြစ်ဖြစ် အခုလို အထူးရထားတွေ ပြေးဆွဲပေးတာကြောင့် ခရီးသွားလာရတာ၊ ရထားစီးရတာ အရင်ကထက်တော့ အဆင်ပြေပါတယ်" ဟု ဝမ်းသာစွာ ပြောပြသည်။

ယာဉ်ကြောပိတ်ဆို့မှု၊ ခရီးသွားများပြားမှုတို့ကြောင့် နေ့စဉ် မြို့ပတ်ရထားကို အားထားစီးနင်းလိုက်ပါသူများပြားလာလျက်ရှိရာ ယခုကဲ့သို့ အထူးမြို့ပတ်ရထားများ တိုးချဲ့ပြေးဆွဲမှုများကို ကြိုဆိုရမည်ဖြစ်ပါသည်။ **(မြန်မာ့အလင်း)**

❍ *ရှေ့ဖုံးမှ*

ဆီးဂိမ်းမှ ရွှေ၊ ငွေနှင့် ကြေးတံဆိပ်ဆုများ ရရှိသည့် ကရင်အမျိုးသား အားကစားသမားများကိုလည်း ကျင်းပရေးဗဟိုကော်မတီက ဂုဏ်ပြုပွဲများ ပြုလုပ်ပေးခဲ့သည်။ ထို့အပြင် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်ပြီး ဂုဏ်ထူးရခဲ့သည့် ကျောင်းသားများ၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီတွင် အနှစ် ၂၀ အထက် အမှုဆောင်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့သည့်အပြင် နှစ်သစ်ကူးပွဲတော်ကြီးတွင် ရိုးရာလက်ဝှေ့ပွဲ အပါအဝင် အားကစားနည်း ၂၀ ကျော်ကိုလည်း ပြိုင်ပွဲများအဖြစ် ထည့်သွင်းကျင်းပခဲ့သည်။

"ကျွန်တော်တို့ ဒီနှစ်သစ်ကူးပွဲတော်ကြီးကို အခြားနှစ်တွေထက်ပိုပြီး စည်ကားအောင် ကြိုတင်ပြင်ဆင်မှုတွေကို ဘက်ပေါင်းစုံကနေ ပြုလုပ်ခဲ့ပါတယ်။ ရွှေရတုအထိမ်းအမှတ် နှစ်(၅၀)ပြည့်တဲ့ ပွဲလည်းဖြစ်တော့ ကရင်တစ်မျိုးသားလုံးနဲ့ တိုင်းရင်းသားလူမျိုးစုံ စည်းလုံးညီညွတ်မှုကို ရှေးရှုပြီး အဓိကလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်"ဟု ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကြီးကို ဦးဆောင်ဦးရွက်ပြုလုပ်ခဲ့သည့် တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)ဦးမန်းကျော်ညွန့်က ပြောကြားခဲ့သည်။

ဖျော်ဖြေတင်ဆက်

နှစ်သစ်ကူးပွဲတော်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကရင်တိုင်းရင်းသားများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပန်းတနော်နှင့်ညောင်တုန်းမြို့တို့မှ ကရင်တိုင်းရင်းသားများ၏ ကရင်ရိုးရာအကများ၊ ကရင်ရိုးရာတေးသီချင်းများနှင့်ဒုံးယိမ်းအကပြိုင်ပွဲများဖြင့် ည ၇ နာရီမှ ၁၂ နာရီအထိ စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ပေးခဲ့ကြသည်။

> **မိုးလေဝသအခြေအနေ**
>
> **နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

စာပေဆုရစာရေးဆရာ ဆရာဝန်များ ဂုဏ်ပြုမည်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်အဖွဲ့က ကြီးမှူးကျင်းပမည့် စာရေးသော မြန်မာ ဆရာဝန်များ စာအုပ်မိတ်ဆက်ပွဲ၊ စာပေဆုရစာရေးဆရာ ဆရာဝန်များ ဂုဏ်ပြုပွဲ၊ နှစ်ပတ်လည် အစည်းအဝေးနှင့် အလုပ်အမှုဆောင်အသစ် ရွေးချယ်ပွဲများကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ)၌ ကျင်းပမည်ဖြစ်ပါသဖြင့် အဖွဲ့ဝင်စာရေးဆရာ ဆရာဝန်များ တက်ရောက်ကြပါရန် ဖိတ်ကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်သို့ လာရောက်ကြသောအများပြည်သူများအပန်းဖြေအနားယူလည်ပတ်နိုင်ရန်အတွက် ရေပန်းဥယျာဉ်အတွင်း နေရာသစ်များ၊ ကြည့်မျှော်စင်များ တိုးချဲ့တည်ဆောက်လျက်ရှိရာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ စတီးလ်သံကူကွန်ကရစ်တံတားကို ဘဲငန်းလှေစီးကန်အတွင်း တည်ဆောက်လျက်ရှိပြီး တံတားပြီးစီးသွားပါက အသစ်တိုးချဲ့တည်ဆောက်မည့်နေရာများသို့ အနားယူလည်ပတ်သွားလာနိုင်မည်ဖြစ်သည်။ **ကိုကြီးထိန်**

ကရင်အမျိုးသားနှစ်သစ်ကူးနေ့တွင် ရန်ကုန်ထန်းတပင် ဒုံးယိမ်းအဖွဲ့ ကပြဖျော်ဖြေစဉ်။

၂၇၅၃ ခုနှစ် အလုံမြို့နယ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်မြင်ကွင်း

ရန်ကုန် ဇန်နဝါရီ ၁

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် ပြာသိုလဆန်း(၁) ရက်သည်ကား ကရင်အမျိုးသားတို့၏ ၂၇၅၃ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူး မင်္ဂလာရက်မြတ်ဖြစ်ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကရင်အမျိုးသားအားလုံးမှ ဤရက်ကိုအလေးထား၍ ပွဲတော်များ ကျင်းပခဲ့ကြသည်။

ရန်ကုန်မြို့တွင် အလုံမြို့နယ် ကရင်အမျိုးသားရပ်ကွက် အထက (၁) ဘောလုံးကွင်း၌လည်းကောင်း၊ အင်းစိန်အာလိန်ငါးဆင့်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် အခြားသောနေရာတို့တွင် စည်ကားစွာ ကျင်းပခဲ့ကြသည်။ အလုံမြို့နယ် ကရင်ခြံတွင်ကား နိုင်ငံတော်မှ အသိအမှတ်ပြု ရန်ကုန်မြို့တွင် အစောဆုံးကျင်းပရာနေရာတစ်ခုအဖြစ်သည်ဟု သိရသည်။

ပွဲတော်ကို နတ်တော်လကွယ်နေ့တွင် အကြိုဖွင့်ပွဲအဖြစ် စတင်ကျင်းပခဲ့သည်။ ဖွင့်ပွဲသို့ ကရင်တိုင်းရင်းသားဝန်ကြီး ဖဒိုစောထွန်းအောင်မြင့် ကိုယ်တိုင် တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ညနေပိုင်းတွင် အကများနှင့် တေးဂီတတို့ဖြင့် ကျင်းပခဲ့သည်။

ပြာသိုလဆန်း ၁ ရက် နံနက်တွင် နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အား လွှင့်ထူခဲ့ပြီး အလေးပြု ဦးညွှတ်ခဲ့ကြသည်။ ဆက်လက်၍ ဟောပြောပွဲများ ကျင်းပခဲ့ပြီး သက်ကြီးပူဇော်ပွဲနှင့် သက်ကြီးစကား သက်ငယ်ကြားဆိုရိုးနှင့်အညီ သက်ကြီးသူတို့ထံမှ ဩဝါဒစကားနာကြားခဲ့ကြသည်။

ည ၇ နာရီ၌ ရိုးရာအကများ၊ ဒုံးအကများဖြင့် ဖြေဖျော်တင်ဆက်၍ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

ပွဲတော် အဝန်းအဝိုင်းမှာ ကျယ်ဝန်းလှပြီး ကရင်ဒုံးယိမ်း ကပြဖြေဖျော်မည့် စင်မြင့်ကြီးမှာလည်း ခံ့ညားထည်ဝါလှပေသည်။ စင်ရှေ့မှ ကရင်အမျိုးသားတို့၏ ရိုးရာအမွေအနှစ်ဖားစည်ကြီးကလည်း အလွန်မှပင် လှပနေသည်ကိုတွေ့ရသည်။

ပွဲခင်းအတွင်း သွားလာသူတို့ဖြင့် ပျားပန်းခပ်မျှရှိပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းအတွင်း ကရင်ရိုးရာ အသုံးအဆောင်များ၊ မှတ်သားလေ့လာစရာ စာအုပ်စာတမ်းများ၊ ကရင်ပြည်နယ်သူ ပြည်နယ်သားတို့၏ ဂုဏ်ယူစရာ နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်၏ ဓာတ်ပုံ၊ စစ်ဦးစီးချုပ် စမစ်ဒွန်း၏ ဓာတ်ပုံနှင့် ကရင်တိုင်းရင်းသား ခေါင်းဆောင်များ၏ ပုံရိပ်များကိုပါ ချိတ်ဆွဲပြသထားသည်။ ထို့အပြင် ကရင်ရိုးရာ ဝတ်စုံအရောင်းဆိုင်တွင်လည်း လှရာရာ ရွေးချယ်ဝယ်သူတို့ဖြင့် စည်စည်ကားကားရှိနေသည်။

ပွဲခင်းအတွင်း တွေ့ရသည့် ပွဲတော်ကျင်းပရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) စောမောင်ချောက "ကရင်လူမျိုးရယ်၊ အခြားလူမျိုးရယ်မခွဲခြားပါဘူး။ တိုင်းရင်းသားအားလုံးက တစ်မြေတည်းနေ တစ်ရေတည်းသောက်တဲ့ ညီအစ်ကိုမောင်နှမတွေပါ။ အခုလို ကရင်အမျိုးသားပွဲတော် ကျင်းပရတဲ့အတွက် အားလုံးချစ်ကြည်မှုကို ရစေပါတယ်"ဟု ဆိုခဲ့သည်။

ပွဲတော်လာ ကရင်အမျိုးသမီးငယ် နော်ဆာကပြုမူး(ကြည့်မြင်တိုင်)က "အခုလို ခရစ်နှစ်ဆန်းတစ်ရက်ရယ်၊ ကရင်နှစ်သစ်ကူးရက်ဖြစ်တဲ့ ပြာသိုလဆန်း ၁ ရက်ရယ် တစ်ထပ်တည်းကျတဲ့အတွက် အလွန်ထူးခြားပါတယ်။ အခုဆို နှစ်သစ်ကူးရက်က စတင်ပြီး ကရင်အမျိုးသား တစ်ခုတည်း မဟုတ်ပါဘူး။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်" ဟု ဆိုခဲ့သည်။

◆ *ကျောဖုံးမှ*

လူအလေးချိန်နှင့်ဆိုလျှင် အချိန် ၁၀၀ ကျော်ရှိကြောင်း၊ ပန်ကာကို ထင်းရှူးသားဖြင့် ပြုလုပ်ထားပြီး အရှည်လေးပေရှိ ဒလက်နှစ်ခု တပ်ဆင်ထားကြောင်း၊ ယခုမိမိအမြင့် ပေ ၁၇၀၀မှ ၂ နာရီကျော်ခန့် စီးနင်းသရုပ်ပြခဲ့ခြင်းဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသွားသည်။

မီဒီယာသမားများ၏ မေးမြန်းမှုများကို ဖြေကြားရာတွင် မိမိသည် တောင်ကြီးတက္ကသိုလ်မှ ရုက္ခဗေဒဘွဲ့ရရှိခဲ့ပြီး တီထွင်မှုလုပ်ငန်းများကို စိတ်ဝင်စားကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲပြီး လမ်းမှားရောက်နေကြသော လူငယ်များကို မိမိကဲ့သို့စွန့်စားမှုလုပ်ငန်းများတွင် စိတ်ပါဝင်စားလာစေရန် စည်းရုံးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မောင်မောင်(ကျောက်မဲ)

> **စာအုပ်စာပေ လူ့မိတ်ဆွေ**

ဖြူး ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးမြို့မရဲစခန်းမြောက်ဘက် ၃မိုင်ခန့် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၄/၁ ဖြူးချောင်းအတွင်းမှ ကျည်ဆန်များနှင့် ကျည်ကတ်နှစ်ခု တွေ့ရှိသိမ်းဆည်းရမိသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီက ဖြူးမြို့နယ် မင်းကံရိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက အမြန်လမ်းမကြီး မိုင်တိုင် အမှတ် ၁၁၄/၁ ဖြူးချောင်း တံတားအရှေ့ဘက်ခြမ်း ဖြူးချောင်း အတွင်း မသင်္ကာဖွယ်ပစ္စည်းများ တွေ့ရှိကြောင်း ဖြူးမြို့မရဲစခန်းသို့ ဖုန်းဖြင့် သတင်းပေးပို့အကြောင်းကြားခဲ့သည်။

ဖြူးရဲစခန်းမှူး ဒုရဲမှူးကျော်ဝင်း၏စီစဉ်မှုဖြင့် နယ်ထိန်းအရာရှိ ဒုရဲအုပ်ကျော်ဇင်ထိုက်နှင့် အဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ရာ မင်းကံရိုး အုပ်စု ကြာအင်းခုံရွာမှ နွားကျောင်းနေသူ မမိုးမိုးထွေ ၁၃ နှစ်က ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီခန့်က ဖြူးချောင်းအတွင်းမှ တွေ့ရှိသော M16 ကျည်အိမ် အကောက်အရှည်တစ်ခု၊ M 16 ကျည်အိမ်ရိုးရိုး အတိုတစ်ခု၊ M 16 ကျည်အတောင့် ၅၀၊ ၂၂ကျည် (ခဲထိပ်ပြူး) ၄၈ တောင့်၊ ၂၂ ကျည် ၅၀ ဆံ့ အပြာရောင်ကျည်စစ်ခုံတစ်ခု တို့ကို ၄င်း၏ ဖခင်ဖြစ်သူ ကြာအင်းခုံကျေးရွာ ဘုန်းတော်ကြီးကျောင်းခန်းနေ ဆရာတော် ဦးဖိုးချို(ခ) ဦးသရထံ သွားရောက်အပ်နှံထားခဲ့ရာမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ကျော်ဇင်ထိုက်နှင့်အဖွဲ့က အဆိုပါကျည်နှင့် ကျည်ကတ်တို့ကို သိမ်းဆည်းခဲ့ပြီး နယ်မြေခံတပ်ရင်းသို့ အပ်နှံရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူးမြင့်ဦး

မြန်မာနိုင်ငံစာရေးဆရာအသင်း ရုံးသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ စာရေးဆရာအသင်း အသင်းရုံးခန်းသစ်ကြီး ဖွင့်လှစ်ခြင်းအထိမ်းအမှတ် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို မြန်မာနိုင်ငံစာရေးဆရာအသင်း ရုံးခန်းတည်ရှိရာ အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ရှစ်လွှာ၌ယနေ့ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်စာရေးဆရာ အသင်းများမှ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံညီစွာ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးခန်း အသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံရောက် ဦးခင်မောင်သိန်း-ဒေါ်စုစန်သိန်း (စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်း)မိသားစုက အသင်းကြီးသို့ပေးပို့လှူဒါန်းသော US$ 500 ကို ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အသင်းဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) ထံသို့ အလှူရှင်မိသားစုကိုယ်စား ပေးအပ်လှူဒါန်းပြီး ဗိုလ်မှူးသက်ထွန်း-ဒေါ်သီသီနွယ် မိသားစုက ကျပ်တစ်သိန်းတန် ကျောက်စီပန်းချီကားတစ်ချပ် ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြန်မာနိုင်ငံစာရေးဆရာအသင်း)

မြန်မာ့ရုပ်မြင်သံကြား

၂-၁-၂၀၁၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၀၀ ပြည်တွင်းသတင်း
- ၇း၂၅ လက်တွေ့ကျသောပညာရေး မြှင့်တင်မှုစကားဝိုင်း ဘုန်းတော်ကြီးပညာရေးနှင့် ဘာသာရေးအဖွဲ့အစည်းဝင်ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကဏ္ဍ
- ၉း၀၀ ပြည်တွင်းသတင်း
- ၁၀း၁၅ အာဆီယံနှင့်အာဆီယံနိုင်ငံများ အကြောင်း

နေ့လယ်ပိုင်း

- ၁၂း၀၀ ပြည်တွင်းသတင်း
- ၁၅း၀၀ ပြည်တွင်းသတင်း
- ၁၅း၁၅ သုခမရင်ခွင်အငြိမ့်သဘင် **ဒီစတားအငြိမ့်** မင်းသမီး-ငုဝါစိုး၊ လူရွှင်တော်-ချစ်ဖူး၊ အေးချမ်း၊ ထက်လင်း၊ ဂဏန်း။ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၆း၀၀ ပြည်တွင်းသတင်း
- ၁၇း၃၀ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၁၃၅)
- ၁၉း၂၀ **မနုဿသားကောင်** (ပထမတွဲ) ကောင်းဆက်ထူး၊ ဇော်ရဲထက်၊ နန်းပျိုးဝသန်ဦး၊ သုဝေဖြိုး (ဒါရိုက်တာ-ခိုင်ဇော်) (Media Arts)
- ၂၁း၀၀ ပြည်တွင်းသတင်း၊ **ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်** အိန္ဒိယရုပ်ရှင် **တတိယအရွယ်ရဲ့ရင်ခုန်သံ** (အပိုင်း-၁)

အမြန်လမ်းမကြီးအနီး ဖြူးချောင်းအတွင်း ကျည်ဆန်များနှင့် ကျည်ကတ်နှစ်ခုတွေ့ရှိ



ဖြူးချောင်းအတွင်းမှ သိမ်းဆည်းရမိသော ကျည်ဆန်များနှင့် ကျည်ကတ်နှစ်ခု။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပုံပိုးချေးငွေပေးအပ်

ကျောက်ဆည် ဇန်နဝါရီ ၁

ကျောက်ဆည်မြို့နယ်တွင် ဒီဇင်ဘာ ၂၇ ရက် နှင့် ၂၈ ရက်က သမဝါယမအသင်း ၁၂ သင်းသို့ ပံ့ပိုးချေးငွေကျပ် ၇၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချေးငွေများကို မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးဦး၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးရဲနောင်နှင့် ဦးစီးဌာနမှ ဝန်ထန်းများက ကြီးကြပ်ထုတ်ချေးပေးခဲ့ပြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျန်ရှိနေသေးသော သမဝါယမအသင်းများကိုလည်း ဇန်နဝါရီလဆန်းပိုင်းတွင် ဆက်လက်ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

သောက်သုံးရေလွယ်ကူရေး ရေပိုက်များအစားထိုးပြုပြင်

မြိုင် ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့တွင် ဒီဇင်ဘာ ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌဦးအောင်သန်း၊ ဦးစီးအရာရှိ ဦးမြင့်ဟန်၊ အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် အဖွဲ့တို့ ကြီးကြပ်၍ မြိုင်မြို့ပေါ်ရှိ အိမ်ထောင်စု ၁၆၀၀ ကျော်အား ခြောက်လက်မစက်ရေတွင်း ခြောက်တွင်းဖြင့် ရေတိုင်ပေါင်း ၁၆၀၀ ကို စဉ်ဆက်မပြတ်ရေပေးဝေနိုင်ရန်အတွက် ရေပိုက်လိုင်းများ အစားထိုးပြုပြင်ရာ အမှတ်(၃)ရပ်ကွက်အိမ်ထောင်စု ၆၀၉ အိမ်အတွက် လေးလက်မ PVC ပိုက် အရှည်ပေ ၃၀၀ ခွင့်ပြုငွေကျပ်ကိုးသိန်းခွဲ၊ ကိုင်းတောမလမ်း လေးလက်မ PVC ပိုက် အရှည် ပေ ၂၄၁၀ ခွင့်ပြုငွေကျပ်သိန်း ၈၀ ဖြင့် မြသီတာ (၅)လမ်းအတွင်းရှိ အိမ်ထောင်စု ၂၄ စု အတွက် တိုးချဲ့ရေပိုက်လိုင်းများ တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာများ ခွဲစိတ်ကုသ

ညောင်ဦး ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာမိုးသူဇာဦးဆောင်သော German Interplast အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်ကစတင်၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် မီးလောင်ဒဏ်ရာရလူနာများကိုအခမဲ့ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခွဲစိတ်ကုသမှုပြုလုပ်မည့် လူနာများ၏ နေထိုင်စားသောက်မှုနှင့် ဆေးဖိုးဝါးခအဆင်ပြေစေရေးအတွက် အမှတ်(၇) ရပ်ကွက် ဝက်ကြီးအင်းရပ်နေ ပုဂံဆည်းဆာစားသောက်ဆိုင်ပိုင်ရှင် ဦးအောင်ညွန့်နှင့် ဇနီးဒေါ်မြင့်မြင့်ခင်မိသားစုက နေ့စဉ်တာဝန်ယူ ကုလိုလ်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လူနာများ ခွဲစိတ်ကုသမှုကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လူနာများအပြင်ချောက်၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ မလှိုင်၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံနှင့် မုံရွာမြို့များမှ လူနာစုစုပေါင်း ၂၀၀ ကျော် လာရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

ကလေး ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်တို့သည် ဒီဇင်ဘာ ၂၉ ရက်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကလေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် တက်နေလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော သာယာဝတီ-နဂါးပွက်-စီးစံ-ရှားတော-စက္ကန့် ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုသည်။ **(ယာပုံ)**

မှာကြား

အဆိုပါ ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ဒီဇင်ဘာ ၂၀ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခြင်းဖြစ်ရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ချင်းတွင်းသား(iprd)

မီးဘေးကြိုတင်ကာကွယ်ရေး အသံချဲ့စက်ဖြင့် နှိုးဆော်

ဗန်းမော် ဇန်နဝါရီ ၁

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်မီးသတ်တပ်ဖွဲ့မှူးဦးမောင်မောင်အေးနှင့်တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီက ရပ်ကွက်များအတွင်း၌ ကားနှင့်လှည့်လည်၍ အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ကြသည်။ **(ဝဲပုံ)**

မိမိပတ်ဝန်းကျင်တွင် အမှိုက်သရိုက်များ ရှင်းလင်းထားရန်၊ နေအိမ်နှင့်ဥပစာတွင် လောင်စာဆီသိုလှောင်ခြင်း၊ ရောင်းချခြင်းမပြုရန်၊ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ထားသော ခံနိုင်ရည်အားထက်ပို၍မသုံးရန်၊ ပေါက်ပြဲဆွေးမြည့်လျက်ရှိသော လျှပ်စစ်ကြိုးများ အသုံးမပြုရန်၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ချက်ပြုတ်ခြင်း မပြုလုပ်ရန်၊ လူစောင့်မရှိဘဲ မီးဖိုမီးအသုံးမပြုရန်၊ လေပြင်းတိုက်ချိန်တွင် မီးဖိုနှင့်အသုံးမပြုရန်၊ မီးငြိမ်းသတ်နိုင်သော မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံး၊ မီးသတ်ဆေးဘူးများ ဆောင်ထားကြရန်၊ လိုက်နာရန်ပျက်ကွက်ပါက မီးသတ်တပ်ဖွဲ့ ဥပဒေပုဒ်မ ၃၂ အရ အရေးယူသွားမည်ဖြစ်ကြောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့က အသံချဲ့စက်ဖြင့်နှိုးဆော်သတိပေးကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

တပ်ကုန်းမြို့နယ်တွင် စာပေဟောပြောပွဲကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၁

၁၃၇၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး တတိယအကြိမ်မြောက် စာပေဟောပြောပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အားကစားကွင်း၌ ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီက ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)ကပေးပို့သော သဝဏ်လွှာကို စာရေးဆရာအသင်းမှ မောင်ကြည်မူ(ပျဉ်းမနား)က ဖတ်ကြားသည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စာရေးဆရာ ဆရာဟိန်းလတ်က ဆင်းရဲခြင်းလွတ်ကင်းအောင် ခေါင်းစဉ်၊ စာရေးဆရာ ဆရာမနုသကျော်ဝင်းက လူမုန်တိုင်း မဆိုင်းကာကွယ် ခေါင်းစဉ်နှင့် ဆရာအော်ပီကျယ်က တကယ်ချစ်ပါ ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

ထွန်းကြည်(တပ်ကုန်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/ကံဘဲ့)၊ မြေကွက်အမှတ် ၈၁၊ ဧရိယာ ၀ ဒသမ ၂၂၂ ဧက၊ မြေကွက်တည်နေရာအမှတ် ၁၆(က)(ခ)၊ ဓမ္မာရုံလမ်းသွယ်၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ကိုစိန်(မှတ်ပုံတင်အမှတ်မပါ)၊ အမည်ပေါက် Bလ/န ၃(ခ)မြေအား အမည်ပေါက် ဦးစိန်(ကွယ်လွန်)သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၃၉၀/၁၉၈၃(၆-၆-၁၉၈၃)(စာချုပ်မူရင်းမတင်ပြ၊ စာချုပ်စာတမ်းရုံး၏ လက်ခံအမှန်စာချုပ်တင်ပြသည်)ဖြင့် ဒေါ်မြညွန့်၊ စီအက်စ်-၁၀၂၄၀၉ က ပိုင်ဆိုင်လာခဲ့ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၃၉/၂၀၁၂ (တရားလို ဦးသက်ခိုင် ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးမင်းအောင်နှင့် တရားပြိုင်ဒေါ်မြညွန့်) အမှုတွင် တရားလိုက တရားပြိုင်အပေါ် အဆိုပါမြေကွက်ကြီးထဲမှ မခွဲစိတ်ရသေးသော အရှေ့ ၅၉ပေ၊ အနောက် ပေ ၅၀၊ မြောက် ၅၇ ပေ၊ တောင် ၆၄ ပေ အကျယ်အဝန်းရှိ မြေနှင့်အကျိုးခံစားခွင့်များကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးစေရန် ချမှတ်သည့် ၁၅-၁၀-၂၀၁၂ ရက်စွဲပါစီရင်ချက်၊ ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၁၆၁/၂၀၁၂ အမိန့်တို့အရ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ဒုဦးစီးမှူးဒေါ်နှင်းဝင့်ဝင့်ဖြူ(ဘီလစ်)မှ တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာနိုင်ငံ၏ ပထမဦးဆုံး နှစ်ထပ် ဘုရင့်နောင်ခုံးကျော်တံတားကြီး ဇန်နဝါရီ ၅ ရက်တွင် ဖွင့်လှစ်မည်

သတင်း-မောင်စိန်လွင် (မြန်/လင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးဖြစ်သည့် ရန်ကုန်မြို့တွင် ယာဉ်ကြော ကျပ်တည်းမှုများကို ဖြေလျှော့ပေးမည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှစ်ထပ် ခုံးကျော်တံတားကြီးကို ယခုနှစ်ဆန်းပိုင်း ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က အောင်မြင်စွာ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတားကို တာဝန်ယူတည်ဆောက်ပေးသည့် First Myanmar Construction Co.,Ltd. မှ စီမံကိန်းမန်နေဂျာ ဒေါ်စိုးစိုးတင်ထံမှ သိရသည်။

အဆိုပါ နှစ်ထပ်ခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမှ First Myanmar Construction Co.,Ltd. နှင့် ထိုင်းနိုင်ငံမှ PTC (Prestnessed) Thailand Co.,Ltd. တို့က ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်တွင် စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ပြီး တည်ဆောက်မှုကာလ စုစုပေါင်း တစ်နှစ်ခွဲမျှ ကြာမြင့်ခဲ့၍ သတ်မှတ်ခွင့်ပြုကာလအတွင်း အပြီးတည်ဆောက်နိုင်ခဲ့သည်။

"ကျွန်မတို့ ဒီတံတားကို မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး နှစ်ထပ်တံတားကြီးလည်းဖြစ်လို့ အထူးဂရုပြု တည်ဆောက်ပေးခဲ့ပါတယ်။ အခက်အခဲကတော့ အမျိုးမျိုးပါပဲ။ ဒီတံတားက လမ်းဆုံလမ်းခွလည်းကျ၊ ဘုရင့်နောင်ကုန်စည်ဈေးကြီးနဲ့လည်း မဝေးတော့ လူစည်ကားတဲ့နေရာ ဖြစ်နေတယ်။ ဒါကြောင့် နေ့ရောညပါ ဝန်ထမ်းအင်အားသုံးပြီး အချိန်နဲ့တစ်ပြေးညီ ပြီးစီးရေးကို အဓိကထားတည်ဆောက်ခဲ့လို့ သတ်မှတ်ကာလအတွင်း ပြီးစီးခဲ့တာပါ။ အခက်အခဲတွေရှိခဲ့သလို ကျွန်မတို့ နိုင်ငံရဲ့ အင်ဂျင်နီယာတွေ အနေနဲ့လည်း ပြင်ပနိုင်ငံကပညာရှင်တွေနဲ့ အခုလိုပူးပေါင်းလုပ်ဆောင်ရလို့ အတွေ့အကြုံကောင်းတွေ အများကြီးရခဲ့ကြပါတယ်။ နောက်လည်း ဒီထိုင်းကုမ္ပဏီနဲ့ပဲ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆက်လုပ်သွားဖို့ အစီအစဉ်တွေရှိပါသေးတယ်။ အခုတော့ ဒီစီမံကိန်းကြီးကို အခုလာမယ့် ဇန်နဝါရီ ၅ ရက်မှာ ဖွင့်ပွဲ လုပ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီကို လွှဲပြောင်းပေးအပ်မှာ ဖြစ်ပါတယ်" ဟု ဒေါ်စိုးစိုးတင်က မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ဘုရင့်နောင် နှစ်ထပ် ခုံးကျော်တံတားသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် တည်ရှိပြီး (ဘုရင့်နောင်လမ်း) ဒုတိယအလွှာ တံတားကို ပြီးခဲ့သည့် အောက်တိုဘာ ၃၁ ရက်နှင့် (သမိုင်းဘူတာရုံလမ်း) တတိယထပ်အလွှာ ခုံးကျော်တံတားကို နိုဝင်ဘာ ၂၄ ရက်က စတင်၍ ယာဉ်များသွားလာခွင့်ပြုခဲ့သည်။ (ဘုရင့်နောင်လမ်း) ဒုတိယထပ်အလွှာ ခုံးကျော်တံတားသည် အရှည် ၁၄၂၇ ပေ ၃ လက်မနှင့် အကျယ် ၅၇ပေ ၉ လက်မရှိ လေးလမ်းသွားဖြစ်သည်။ ချဉ်းကပ်လမ်းအလျားမှာ ၅၁၆ ပေ ၂ လက်မဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။ (သမိုင်းဘူတာရုံလမ်း) တတိယအလွှာ ခုံးကျော်တံတားသည် အရှည် ၂၄၁၄ ပေ ၁၀ လက်မနှင့် အကျယ် ၃၂ ပေ ၁၀ လက်မရှိပြီး ခံနိုင်ဝန် တန် ၆၀ ဖြစ်ပြီး ချဉ်းကပ်လမ်းအလျားမှာ ၃၉၃ ပေ ၉ လက်မရှိကာ နှစ်လမ်းသွား သံကူကွန်ကရစ် အမျိုးအစားများဖြစ်သည်။

ကုန်ကျခဲ့

နှစ်ထပ်ဘုရင့်နောင် ခုံးကျော်တံတား တည်ဆောက်မှု ကုန်ကျစရိတ်မှာ ငွေကျပ် ၂၆ ဒသမ ၆၂၆ ဘီလီယံ ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ အကျဉ်းဦးစီးဌာနလက်အောက်ရှိ စခန်းများကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ဒေါ်စိုးစိုးအောင်သည် အကျဉ်းဦးစီးဌာနလက်အောက်ရှိ တွံတေးမြို့နယ် ရွှေသူဌေး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်အေးသန်းသည် အကျဉ်းဦးစီးဌာနလက်အောက်ရှိ တွံတေးမြို့နယ် တောကြီးတန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းနွဲ့သည် တွံတေးမြို့နယ် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးစခန်း(ရန်ကုန်)သို့လည်းကောင်း ဒီဇင်ဘာ ၃၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများသည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများရှိ အကျဉ်းသားလုပ်အားရှင်များ၊ အမျိုးသမီးများစောင့်ရှောက်ရေးစခန်းမှ အကျဉ်းသူများအား ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးမေးမြန်းပြီး ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူထုတ်လုပ်ရေးဒီပလိုမာဘွဲ့ ချီးမြှင့်အပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၁

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ မွေးမြူထုတ်လုပ်ရေး ဒီပလိုမာ (Dip.L.P.A)ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီက နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမာမာဝင်းက မွေးမြူထုတ်လုပ်ရေး ဒီပလိုမာ (Dip.L.P.A) ဘွဲ့ရရှိသူ ၄၄၀ ကို ဘွဲ့အပ်နှင်းချီးမြှင့်ပြီး ကိုးဦးအား အဝေးရောက်ဘွဲ့အပ်နှင်းသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက မွေးမြူထုတ်လုပ်ရေး ဒီပလိုမာထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သည့် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး (People Centered Development) ဖော်ဆောင်ရာတွင် အခြေခံကျသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အောင်မြင်မှုရရှိရေး (Quick Win) တို့တွင် အထောက်အကူဖြစ်စေမည့် မွေးမြူထုတ်လုပ်ရေး ဒီပလိုမာဘွဲ့ရများကို ပထမဆုံးအကြိမ် အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘွဲ့ရမောင်မယ်များအနေဖြင့် နိုင်ငံတော်၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မွေးမြူထုတ်လုပ်ရေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ခန့်အပ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မွေးမြူရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် တိရစ္ဆာန်ဆေးပညာဘွဲ့ရ ဆရာဝန် ၁၁၂ ဦးနှင့် မွေးမြူထုတ်လုပ်ရေး ဒီပလိုမာဘွဲ့ရ ၄၄၉ ဦးတို့ကို သက်ဆိုင်ရာ ဌာနအသီးသီး၌ အမှုထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၂ခုနှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် နိုင်ငံတော်မှချီးမြှင့်သော ရုပ်ရှင်ထူးချွန်ဆု အထူးဆု (ကလေးသရုပ်ဆောင်ဆု)ကို ရန်ကုန်မြို့ အထက(၃) ဗိုလ်တထောင်ကျောင်းမှ မယွန်းယွန်း(ခ) မယွန်းသဉ္ဇာအောင် အဋ္ဌမတန်း(က)မှ ဆွတ်ခူးရရှိပါသဖြင့် လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ
မိဘဆရာအသင်းနှင့်
ကျောင်းအကျိုးတော်ဆောင်များ
အထက (၃) ဗိုလ်တထောင်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အကွက်အမှတ် ၁၆ဒီ(၂)ရှိ ဒုတိယတန်းစားအုပ်စု (Lot)၊ အမှတ် (၈) တောင်ဘက်ခြမ်းဟုခေါ်တွင်သော (၂၅ပေ×ပေ၆၀)ရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ၁၀၆ လမ်း၊ အမှတ် (၇)နေ ဒေါ်မြင့်မြင့်ခင် ၁၂/မဂတ(နိုင်)၀၄၁၀၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အကွက်အမှတ် ၁၆ဒီ(၂)ရှိ ဒုတိယတန်းစားအုပ်စု (Lot)၊ အမှတ် (၈) တောင်ဘက်ခြမ်းဟုခေါ်တွင်သော (၂၅ပေ×ပေ၆၀)ရှိ ဘိုးဘွားပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၃၊ စစ်ကဲမောင်တော်လေးလမ်း၊ ရန်ကုန်မြို့ရှိ သုံးထပ်ခွဲတိုက်အား (၁၉-၁၂-၁၉၅၁)ရက်စွဲပါ ပစ္စည်းခွဲဝေခြင်းစာချုပ် (Deed of Partition) မှတ်ပုံတင်စာချုပ် အမှတ် ၁၇၆၀၊ မှတ်ပုံတင်စာချုပ်အမှတ် ၁၂၅၈ဖြင့် ဒေါ်မြင့်မြင့်ခင်၏ ဖခင် အာဇမ်းကာစင်ဒူပလီ(ခ)ဦးခင်မောင်က အမည်ပေါက်ပိုင်ဆိုင်ရရှိခဲ့ပါသည်။ ၎င်းကွယ်လွန်သောအခါ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြင့်မြင့်ခင်မှ ဆက်ခံရရှိခဲ့ပါသည်။ အထက်ဖော်ပြပါမြေကွက်အား ဒေါ်မြင့်မြင့်ခင်သိရှိခြင်းမရှိဘဲ တစ်စုံတစ်ဦးတစ်ယောက်မှ အခြားသောနည်းလမ်းများဖြင့် အမည်ပေါက်လျှောက်ထားခြင်း၊ လွှဲပြောင်းရယူခြင်းများ မပြုလုပ်ပါရန်နှင့်ပြုလုပ်ထားမှုများရှိပါက ရပ်တန့်ပေးပါရန်တားမြစ်အပ်ပါသည်။ ဆက်လက်ပြုလုပ်မှုများရှိကြောင်း စုံစမ်းသိရှိရပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြမြသန်း (LL.B, D.BL) တရားလွှတ်တော်ရှေ့နေ
အမှတ် (၆၅၇)၊ နွယ်သာကီ ၁ လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၄၈၃၄

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ (၂၀×၆၀) မြေကွက်
ဗိုလ်တေဇလမ်း၊ ၂၀ရပ်ကွက်
အပိုင် ၃၊ လှိုင်သာယာရှေ့တွင်
ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့်
စေတီတစ်ဆူရှိ။
ဖုန်း-၀၉-၅၁၃၈၂၂၄

အလိမ္မာ စာမှာရှိ

ပြည်တွင်းသတင်း

မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာသတ်မှတ်ရေး ကွင်းဆင်း

နေပြည်တော် ဇန်နဝါရီ ၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဆပ်ကော်မတီ (Delivery Unit) ဥက္ကဋ္ဌ ဦးခင်မောင်အေးသည် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုး မွေးမြူရေးဝန်ကြီး ဦးစန်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၈ ရက်က ဖျာပုံမြို့နယ် သစ်တောဝန်ထမ်းများ၊ ငါးမွေးမြူသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ပျဉ်ဒရယ် သစ်တောကြိုးဝိုင်း ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။ ညနေပိုင်းတွင် အမာမြို့နယ်ခွဲ ဒေါ်ညိမ်းရွာကျေးရွာ အထောက်အကူပြု ကော်မတီများ၊ မီးလင်းရေးကော်မတီဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးသည်။

ဒီဇင်ဘာ ၂၉ ရက်က အမာမြို့နယ်ခွဲ ဘဝသစ်ကျေးရွာအုပ်စု အရှေ့ဖျားကျေးရွာ၌လည်းကောင်း၊ အမာမြို့ခန်းမ၌လည်းကောင်း၊ မြို့နယ် အထောက်အကူပြု ကော်မတီဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြု ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများမှ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားကာ ဒီရေတောထိန်းသိမ်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဒီဇင်ဘာ ၃၀ ရက်က အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာအုပ်စု သရက်ပင်ကျေးရွာ ဗန္ဒာပင်ကျေးရွာနှင့် ခါးပြတ်ကျေးရွာတို့မှ ရေလုပ်သားများ၏ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားလုပ်ငန်းကဏ္ဍ တိုးတက်ရေးအတွက် အတိုးနည်းချေးငွေရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက်က ရန်ကုန်မြို့ ကြို့ကုန်းရှိ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ဝင်များ၊ ရေလုပ်ငန်းပညာရှင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြုလုပ်သော ၂၀၁၄-၂၀၁၅ ခုနှစ် မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရ ရာသီနှင့် ငါးမဖမ်းရ ဇရိယာသတ်မှတ်ရေး Close Season/ Close Area အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပြီး မြန်မာ့ပင်လယ်ပြင်အတွင်း မွေးမြူရေးကဏ္ဍ တိုးတက်ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဖြေရှင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၄၇၅၀၀-၆၀၉၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၄၇၅၀၀-၆၀၉၄၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၆	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၆၃	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂-၃၀. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၅-၁၆. ၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၉-၂၉၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၅ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၂၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၀၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၇၀၀-၇၃၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၇၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စေ့ငုတင်ပြသည်။

စစ်ကိုင်းဘော်ဂါကျောက်ပုတီးဈေးကွက် အရောင်းအဝယ်မဖြစ်

စစ်ကိုင်း ဇန်နဝါရီ ၁

ဈေးသည် ဈေးဝယ်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေသော စစ်ကိုင်းမြို့ ဘော်ဂါကျောက်ဝိုင်းမှာ ယခုအခါဈေးသည် ဈေးဝယ်များမရှိဘဲ ဈေးဝယ်သူမရှိ ဆိုင်များပိတ်ထားသည်ကို တွေ့ရသည်။

မကြာမီရောက်တော့မည့် တရုတ်နှစ်သစ်ကူးပွဲတော်အမီ တရုတ်ဝယ်လက်များ တရုတ်ပြည်သို့ပြန်သွားကြသည့်အတွက် ကျောက်ပုတီးဈေးကွက် အရောင်းအဝယ်မဖြစ်တော့ဘဲ မြန်မာ ပုတီးလုပ်ငန်းရှင်များ ဆိုင်ပိတ်ကာ ဘုရားဖူးအလည်အပတ်များ သွားကြသည်။ ဘော်ဂါကျောက်ပုတီးဈေးတွင် မြန်မာကျောက်ပုတီးလုပ်ငန်းရှင် ၂၀၀ ခန့်နှင့် တရုတ်လုပ်ငန်းရှင် ၁၀၀ ခန့် နေ့စဉ် အရောင်းအဝယ်လုပ်ကိုင်လျက်ရှိသည့် ယနေ့ကျောက်ပုတီးဈေးကွက်တွင် ယခင်နေ့များက တစ်လုံး ၁၀၀ မှ ယနေ့ ၇၀ အထိ ဈေးနှုန်းကျဆင်းလာသည်ဟု ကျောက်ပုတီးဈေး အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ပြောသည်။

တင်ပို့

မြန်မာကျောက်ပုတီးလုပ်ငန်းရှင်များမှာ တရုတ်ဝယ်လက်များကိုသာ အားထား၍ အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ တရုတ်ဝယ်လက်များမရှိ၍ လက်ထဲတွင် ကျောက်ပုတီးများ တစ်လခွဲခန့် သိုလှောင်ထားရမည်ဖြစ်သည်။ ဇန်နဝါရီ ၃၁ ရက် တရုတ်နှစ်သစ်ကူးပွဲတော်ပြီး၍ တရုတ်ဝယ်လက်များ ဈေးကွက်သို့ ပြန်လာမှ ဖေဖော်ဝါရီ ပထမပတ်တွင် ကျောက်ပုတီးဈေးကွက် ပြန်လည်အရောင်းအဝယ်ဖြစ်မည်ဟုသိရသည်။ ယခုနှစ်တွင် ဂျပန်ဝယ်လက်များပါ ကျောက်ပုတီးဈေးသို့ လာရောက်ဝယ်ယူသည့်အပြင် ကိုရီးယားဝယ်လက်များပါ လာရောက်၍ ဝယ်ယူကာ ကိုရီးယားနိုင်ငံသို့ တင်ပို့လျက်ရှိသည်။

ဝယ်ယူ

ကျောက်ပုတီး ကုန်ကြမ်းများ ရှားပါးလာ၍ စစ်ကိုင်းမြို့မှ ကျောက်ပုတီးလုပ်ငန်းရှင်များ ကျောက်စိမ်းထွက်ရှိရာ ဖားကန့်အထိ အများအပြား သွားရောက် ဝယ်ယူလျက်ရှိသည်ဟု သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ကျောက်ပုတီးလုပ်ငန်းရှင် ၂၀၀၀ ကျော်ရှိပြီး ၎င်းလုပ်ငန်းလုပ်ကိုင်နေသူ လုပ်သားများမှာ ၇၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဒီဇင်ဘာ ၂၉ ရက်က စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ရတနတ္တယ သမဂ္ဂဝတ်အသင်းကြီးက ကြီးမှူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၆၃) ကြိမ်မြောက်အဖြစ် ရွှေပြားသင်္ကန်းတော် ၁ ပိဿာ ၃၆ ကျပ်သား လှူဒါန်းပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ်အဖြစ် သီရိလမ်းအတွင်း နိဗ္ဗာန်ဈေးဖွင့်လှစ်ရာ အလှူပေးသူနှင့် အလှူခံသူတို့ဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဖခင်အမည်မှန်

မောင်မိုးထက်ပိုင် ၁၀/မလမ(နိုင်) ၂၄၁၈၈၃၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း (ခ) ဦးမာမက်ဟူဆင် ၁၀/မလမ(နိုင်) ၁၅၆၄၄၄ ဖြစ်ပါသည်။

ဦးသိန်းဝင်း(ခ)ဦးမာမက်ဟူဆင်

သတိပေး နှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မဒေါ်ရွှေငွေး၏သမီးကြီးမနုနုဝင်း ၁၃/တကန(နိုင်)၁၉၅၅၁၉သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ မနုနုဝင်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်ရွှေငွေး ၁၃/တကန(နိုင်)၀၄၈၈၀၂

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက်
e-Government နှင့် ပတ်သက်သည့် ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	ဦးရေ
၁။	(i7) Desktop Computer (Full Accessories)	Nos	10
၂။	4 in 1 Printer	Nos	10
၃။	Server	Nos	2
၄။	Online UPS	Nos	3
၅။	LAN network (for 12 Pts)	Pts	12

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၁-၂၀၁၄ ရက်မှ ၂၁-၁-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်းအောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၄ ရက် ၁၂း၀၀နာရီမှ ၁၃း၀၀နာရီ အတွင်းအမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)တွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ တင်ဒါပေးသွင်းသည့် အချိန်တွင် တစ်ခါတည်း ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါ၍ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၃၁၂၂၀၉၂၊ ၀၁-၅၁၃၉၈၂နှင့် ၀၁-၅၃၉၈၅၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
မြန်မာ့ရုပ်ရှင်လုပ်ငန်း	မြန်မာ့ရုပ်ရှင်လုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန	ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၈၊ကုက္ကိုင်းရိပ်သာလမ်း၊	အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဒီဇိုင်နာများ၊ မိတ်ကပ်ပညာရှင်များနှင့် အလှပြုရှင်များအား ဂုဏ်ပြုညစာ ဧည့်ခံပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးတွင် စေတနာထက်သန်စွာ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော Designer များ၊ မိတ်ကပ်ပညာရှင်များနှင့် အလှပြုရှင်များအား ဂုဏ်ပြုညစာ ဧည့်ခံပွဲကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ဒီဇင်ဘာ ၃၀ ရက် ညနေ ၆ နာရီက ကျင်းပခဲ့ရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးသန်းဆွေ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ကျင်းပရေးကော်မတီအတွင်းရေးမှူး၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ Designer များ၊ မိတ်ကပ်ပညာရှင်များ၊ အလှပြုရှင်များ ၂၅၀ ကျော် တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပခဲ့သော ဂုဏ်ပြုညစာစားပွဲတွင် ကိုယ်တိုင်လာရောက်ရယူနိုင်ခြင်းမရှိသူများအား နိုင်ငံတော်သမ္မတက ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဒုတိယဝန်ကြီးက တစ်ဦးချင်းပေးအပ်ချီးမြှင့်၍ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သိမ်ဖြူလမ်းတွင် အငှားယာဉ်သုံးစီးဆင့်တိုက်မိ

ရန်ကုန် ဇန်နဝါရီ ၁

ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က သိမ်ဖြူလမ်းမကြီးတွင် တောင်မှ မြောက်သို့သွားသော အငှားယာဉ်တစ်စီးကို နောက်မှ ဝင်တိုက်မိရာမှ ယာဉ်သုံးစီးဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့သည်။ ဗိုလ်မင်းရောင်လမ်းနှင့် သိမ်ဖြူလမ်းဆုံမီးပွိုင့်နီ၍ ကားတန်းရှည်ကြီးရပ်ထားစဉ် ဗိုလ်တထောင်မြို့နယ်၊ ယခင် တိုင်းကျန်းမာရေးဦးစီးရုံးရှေ့ သိမ်ဖြူကုန်းတံတားအတက်အနီးတွင် ကိုယ်ပိုင်ဆလွန်းယာဉ်တစ်စီးက အရှိန်ဖြင့် နောက်မှ ဝင်တိုက်မိခြင်း ဖြစ်သည်။ မီးပွိုင့်နီ၍ တန်းစီရပ်ထားသော ဟွန်ဒါဖစ်အမျိုးအစား အငှားယာဉ် ၁စ/---- ယာဉ်ကို၊ ၇၈/----- တိုယိုတာကရောင်းအမျိုးအစား အဖြူရောင် ကိုယ်ပိုင်ဆလွန်းကားက နောက်မှဝင်တိုက်ရာ ရှေ့တွင် မီးပွိုင့်နီ၍ စောင့်ဆိုင်းနေသော အငှားယာဉ် CC/---တိုယိုတာကိုရိုလာဗင်ကားနှင့် AA/---- တိုယိုတာကိုရိုလာဗင် အငှားယာဉ်တို့ဆင့်ကဲတိုက်မိခြင်းဖြစ်သည်။ နောက်မှ ဝင်တိုက်သော ဆလွန်းကားမှာ မောင်းထွက်သွားသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ အကြောင်းကြားသည်။ ယာဉ်ထိန်းရဲက ယာဉ်ကြောမပိတ်ဆို့အောင် ထိန်းသိမ်းပေးနေသည်ကို တွေ့ရပြီး **(အပေါ်ပုံ)** ကားများ၏ အရှေ့နှင့်အနောက်တွင် ပိန်ချိုင့်ပျက်စီးပြီး လူထိခိုက်မှုမရှိဟု သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြိတ် ဇန်နဝါရီ ၁

မြိတ်မြို့ ခေတ်မီအဝေးပြေးကားဝင်း တည်ဆောက်ရန်အတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိ

မြိတ်မြို့ ခေတ်မီအဝေးပြေးကားဝင်း တည်ဆောက်ရန်အတွက် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ အဆိုပါ အဝေးပြေးကားဝင်းသည် မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု ကုန်းဖောက်ကွင်း ကွင်းအမှတ်(၂၃၇) စက်မှုဇုန်သွားကားလမ်းမန်ဘေးတွင်တည်ရှိသည်။ အဝေးပြေးကားဝင်း မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်က တာဝန်ယူ၍ လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိသည်။

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီအဝေးပြေးကားဝင်းတည်ဆောက်မည့် မြေနေရာတွင် ခေတ်မီကားဝင်း တည်ဆောက်ရန်အတွက် မြေဧက ၄၆ ဒသမ ၄၀ ဧက မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ခေတ်မီအဝေးပြေးကားဝင်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ပေါ်လာပါက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကာ ဆင်းရဲမှုလျှော့ချရေးတွင် အထောက်အကူပြုမည်ဖြစ်သည်။

ပိုမိုတိုးတက်

အဆိုပါ ခေတ်မီအဝေးပြေးကားဝင်းတည်ဆောက်ပြီးစီးပါက မြိတ်မြို့ ဒေသခံပြည်သူများ၏ ခရီးသွားလုပ်ငန်းများ၊ ကုန်စည်စီးဆင်းမှုများ၊ ပိုမိုအကျိုးရှိလာမည်ဖြစ်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။

မြိတ်ဒေသ၏ ခေတ်မီအဝေးပြေးကားဝင်းသည် မောတောင်နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍတစ်ခု၊ ကားဝင်းတစ်ခု ဖြစ်လာမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်သောကြောင့် စီးပွားရေးများ တိုးတက်ကောင်းမွန်လာခြင်း၊ လူနေမှုဘဝများ အဆင့်အတန်းမြင့်မားလာခြင်း စသောအကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(မြိတ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဆိုပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့နုဂ္ဂဟအသင်း ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းကကြီးမှူး၍ တတိယအကြိမ်မြောက် ပဋ္ဌာန်းကျမ်းမြတ် ပစ္စယနိဒ္ဒေသပါဠိတော် ဓမ္မဒေသနာတော် ရွတ်ဆိုပူဇော်ပွဲအခမ်းအနားကို ဒလမြို့နယ် ကမာကဆစ်အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်က နှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုသာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးကျော်ခင်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသန်းဇော်လေးက ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒလမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားသည်။ အခမ်းအနားအပြီးတွင် ဝတ်ရွတ်အသင်းများ နေရာယူကြပြီး ပထမနေ့တွင် ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလမြို့နယ်မှ ဝတ်ရွတ်အသင်းများ ယှဉ်ပြိုင်ပူဇော်ကြပြီး ဒုတိယနေ့တွင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်မှ ဝတ်ရွတ်အသင်းများ ဆက်လက်ယှဉ်ပြိုင်ကြသည်။ ဝတ်အသင်းတစ်သင်းတွင် အယောက် ၂၀ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ဝတ်အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

ဗညားမောင်မောင်

မီးသတ်ဝတ်စုံပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁

မြောက်ဥက္ကလာပမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၂၆ ဦးတို့ကို နိုင်ငံတော်ကပေးအပ်သည့် မီးသတ်ယူနီဖောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီက မြောက်ဥက္ကလာပ သုဓမ္မာလမ်းမပေါ် မြို့နယ်မီးသတ်ဦးစီး ဌာန၌ ကျင်းပသည်။

အဆိုပါ မီးသတ်ယူနီဖောင်းပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးကျော်တို့က အမှာစကားပြောကြားပြီး ရပ်ကွက် ၁၉၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်သည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မီးသတ်ယူနီဖောင်းများ ပေးအပ်လိုက်ကြောင်း သိရသည်။

ထူးသစ္စာ

သန်းခေါင်စာရင်းဟောပြောပွဲကျင်းပ

လားရှိုး ဇန်နဝါရီ ၁

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းအကြောင်း သိကောင်းစရာများ ပြည်သူများအား အသိပေးဟောပြောခြင်းကို ဒီဇင်ဘာ ၃၁ ရက်က လားရှိုးမြို့ ရပ်ကွက်(၅)တွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးကျော်ဝင်းမောင်က သန်းခေါင်စာရင်းဆိုင်ရာ ဖြေဆိုရမည့်အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ဖြေဆိုခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့သည်။ ဟောပြောပွဲသို့ ဆရာ ဆရာမ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ ၅၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

(လားရှိုးကိုယ်ပွား)

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ဆရာဌေး အင်္ဂလိပ်စာသင်တန်း

Ph: 01-375970, 0951 72096, 0950 47516

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်
၁၃၇၅ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၀)ရက်
၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ ရက်

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီ ၆ ရက်မှ ၁၀ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအရောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော မြန်မာနိုင်ငံသား ရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၅ရက်အထိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရောင်းချပွဲတွင် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D (စီ၊ဒီ)အဆင့်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D (စီ၊ဒီ)အဆင့်များကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ရောင်းချပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ ရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မန္တလေး)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

မွေးနေ့မင်္ဂလာဆုမွန်လွှာ
ဒေါ်လှဲ့လှဲ့ရီ(တရားလွှတ်တော်ရှေ့နေ)

၂-၁-၂၀၁၄ ရက်မှာ ကျရောက်သည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်တပည့်များ
ဒေါ်အိစန္ဒီစိုး (တရားလွှတ်တော်ရှေ့နေ)
ဒေါ်နှင်းရည်ငွေး(တရားလွှတ်တော်ရှေ့နေ)
ဒေါ်ခင်စိုးဝင်း(တရားလွှတ်တော်ရှေ့နေ)
ဒေါ်ခင်ဆွေလင်း(အထက်တန်းရှေ့နေ)

၁-၁-၂၀၁၄ရက် (၂၉)နှစ်မြောက်
မွေးနေ့ရှင် နှင်းအိအိသွယ်(ခ)ဇင်မာထွန်းသို့

တောက်ပတဲ့ မျက်ဝန်း၊ ဖူးငုံတဲ့ နှုတ်ခမ်း
ကြည်စင်တဲ့ အပြုံး၊ ချိုမြတဲ့ အသံ
သွက်လက်တဲ့ ဖော်ရွေမှု၊ နှစ်လိုဖွယ် ညို့အားနဲ့
အနာဂတ်ကိုကျော်လွှားမယ့်။
သူ့ရဲကောင်းနတ်သမီးတစ်ယောက်
ကမ္ဘာမြေပြင်မှာအရောင်တောက်လို့
တောင်ပံတွေဖြန့်ကျက်ရင်း
အိုဘယ့်. . . အဖြူရောင်နတ်သမီးရယ် . . .

အေး၊ ထားမေ၊ မွန်၊ ဇင်၊ စု၊ စင်၊ နှင်း၊ အိမ့်၊ ပို

ဦးအောင်ဝင်း

LCCI Level - I&II, III တရင်းကိုင်
သင်တန်းများ ဖုန်းပါတ်ယူထားနိုင်ပြီ။

LCCI

ကြော်ငြာ

C B BANK
နှစ်သစ်ဆုတောင်း
နှစ်သစ်အခါသမယတွင်
မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
CB Bank မိသားစု
Happy New Year
2014

ဦးရာဇ်တော် ဓာတ်စေတီတော်မြတ်ကြီး ဂေါပကလူကြီးများပြန်လည်ဖွဲ့စည်း

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီး၏ လက်ရှိဂေါပကအဖွဲ့ လေးနှစ်သက်တမ်းကုန်ဆုံးပြီဖြစ်သောကြောင့် ဂေါပက လူကြီးများ ပြန်လည်ဖွဲ့စည်းရေးအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ် ဦးရာဇ်မင်္ဂလာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင် တက်ရောက် အမှာစကားပြောကြားသည်။

ပြန်လည်ဖွဲ့စည်းရာတွင် မြို့ပေါ်လေးရပ်ကွက်မှ အများပြည်သူဆန္ဒအရ တင်မြှောက်ပေးသော ဂေါပကလူကြီးများအား လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ပေးကြရာ ဂေါပကဥက္ကဋ္ဌ ဦးမောင်ကျော်ဦး၊ ဒုဥက္ကဋ္ဌအဖြစ် ဦးမောင်ကျော်အေး၊ ဦးမောင်စံသိန်း၊ ဦးစောသာမောင်တို့အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးကျော်ဇောသိန်းနှင့်ဘဏ္ဍာရေးမှူး ဦးဘသိန်း အပါအဝင် ဂေါပကအဖွဲ့ဝင် လူကြီး ၁၉ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ **သူ(ပုဏ္ဏားမြို့)**

ဓမ္မပိမာန်တော် ရေစက်ချလှူဒါန်းပွဲ ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြို့ခင်းသာပရိယတ္တိစာသင်တိုက်တွင် ရန်ကုန်မြို့နေ ဦးသန်းဌေးနှင့်ဇနီး ဒေါ်မူမူသိန်းမိသားစုက ဆောက်လုပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၄၀၀၀ ကျော်တန်ဖိုးရှိ သာသနာ့လင်္ကာရ အပ္ပမာဒါဓိပတိ ဓမ္မပိမာန်ဖွင့်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်က အဆိုပါ ဓမ္မပိမာန်၌ကျင်းပရာ အခမ်းအနားကို ရှေးဦးစွာ နမောတဿဘုရားရှိခိုးဖြင့်ဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ မြို့ခင်းသာပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ ဇဋိလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူကြသည့် သံဃာတော် ၁၀၈ ပါးတို့ထံမှ ပရိတ်တရားတော်များ နာယူကြသည်။

အဆိုပါ ဓမ္မပိမာန်တော် ရေစက် ချလှူဒါန်းပွဲ အထိမ်းအမှတ်အဖြစ် စုပေါင်းရှင်ပြုပွဲကျင်းပခြင်း၊ ကြွရောက်လာကြသည့် ပရိသတ် ၅၀၀၀ ကျော်တို့ကို စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းတို့အပြင် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းလျက် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၀၁)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သက်ကြီး စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)က အသက် (၇၅) နှစ်နှင့်အထက် သက်ကြီးစစ်မှုထမ်းဟောင်းများအား နှစ်စဉ်ထောက်ပံ့ချီးမြှင့်ငွေ များပေးအပ်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ အသက် ၇၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခုနစ်ဦးအား မြို့နယ်စည်းရုံးရေးကော်မတီမှတစ်ဆင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အသင်းရုံးတည်ရှိရာ ကန်တော်ကလေး(အနောက်) ရပ်ကွက် ၈၈ လမ်းတွင် ပြုလုပ်သည်။ ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က အမှာစကားပြောကြားသည်။

ဆက်လက်၍ အသက် (၇၅) နှစ် အထက် မြို့နယ်အတွင်းရှိ သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခုနစ်ဦးတို့ကို မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀စီထောက်ပံ့ပေးအပ်ခဲ့သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၄၀၀ ကျော်ရှိသည်ဟု သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

(၆၂)နှစ်မြောက်ကယားပြည်နယ်နေ့ ကျင်းပမည်

လွိုင်ကော် ဇန်နဝါရီ ၁

ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သော (၆၂)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများကို ဇန်နဝါရီ ၈ ရက်မှ ၁၉ ရက်အထိ လွိုင်ကော်မြို့နေရာအနှံ့အပြားတွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပမည်

အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၂၀ ကျော် ပါဝင်ပြီး ပွဲတော်အားကစားကွင်း အထက(၂) ကျောင်း၊ ကန္တာရဝတီအားကစားကွင်း၊ ပြည်နယ်အားကစားခန်းမ၊ နောင်ယားကန်၊ မီးသတ်ရုံ၊ မြို့တော်ခန်းမတို့တွင် ကျင်းပမည်ဖြစ်သည်။ ဖျော်ဖြေပွဲများတွင် တိုင်းရင်းသားအကပြိုင်ပွဲ၊ ကန္တာရဝတီအလှမယ် ပြိုင်ပွဲ၊ 5STAR အဖွဲ့၊ အားအင်သစ်ဇာတ်ပွဲတို့ ပါဝင်ပြီး ပွဲတော်ကွင်း ဇာတ်စင်နှင့် မြို့တော်ခန်းမတို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

မော်လမြိုင်တက္ကသိုလ်၌ အာစရိယပူဇော်ပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၁

မော်လမြိုင်ကောလိပ် မော်လမြိုင်တက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ၏ မော်လမြိုင်တက္ကသိုလ်နှစ်(၆၀)ပြည့် အထိမ်းအမှတ်နှင့်အဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို မော်လမြိုင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ ဒီဇင်ဘာ ၂၉ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။ **(ယာပုံ)**

ပေးအပ်

ပူဇော်ကန်တော့ပွဲတွင် ဆရာ ဆရာမကြီးများအား လက်အုပ်ချီမိုးပူဇော် ကန်တော့ကြပြီးနောက် မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဌေးအောင်က အပူဇော်ခံ

ဆရာ ဆရာမကြီးများအား ကန်တော့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်နှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဌေးလွင်၊ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့ ခေါင်းဆောင် ဦးမိုးကျော်တို့က ဂါရဝပြုစကားများ ပြောကြားပြီးနောက် အပူဇော်ခံဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဒေါက်တာခင်မောင်ဆွေနှင့် ဆရာမကြီး ဒေါ်ခင်သန်းနွယ်တို့က ဆုံးမသြဝါဒစကားများပြောကြားကြောင်း သိရသည်။ (လ/၀၁၂)

စာပေမြင့်မှ လူမျိုးတင့်မည်

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အရောင်းပြခန်းများဖွင့်လှစ်ရန်ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၄၆ ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၏ ကမ္ဘာအေးဘုရားလမ်းမကို မျက်နှာစာပြုထားသည့် အလျားပေ ၁၀၀×အနံ ၃၅ပေရှိသော မြေကွက်များပေါ်တွင် အကျိုးတူအရောင်းပြခန်း ဆောက်လုပ်ဖွင့်လှစ်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ၁၄-၁-၂၀၁၄ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးချုပ်၊ မော်တော်ယာဉ်ဌာနရှိ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော တာယာအဟောင်းဆိုက်စုံ (၁၇၇၂)လုံးနှင့် ဘက်ထရီအဟောင်းဆိုက်စုံ(၄၄၈)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံများကို ကြော်ငြာပါသည့်ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်လေလံပိတ်ရက်မှာ ၃၁-၁-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီ နောက်ဆုံးဖြစ်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးအမှတ် ၂၇ တွင် တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များနှင့် လေလံပုံစံအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ် ၂၇၊ ဖုန်း-၀၆၇-၄၁၀၃၇၅၊ ၄၁၃၆၈၈တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-
Tender No.24/HPGE/2013-2014
(က) Fire Fighting Vehicle(1600 Gallon) (၅)စီး
၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ရက် ၁၆း၀၀နာရီအရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
ကျောက်ဆည်မြို့နယ် တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်စဉ်-၂

မဖြူနုငယ် **နှင့်** ကျော်သူကို(ခ)ဖိုးကျော်
တရားလို **တရားပြိုင်**

ကျောက်ဆည်မြို့၊ စုကြီးထန်းတောရပ် (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ မဖြူနုငယ်မှ လင်မယားအရာမှ ကွာရှင်းပြတ်စဲပေးစေလို၍ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၅ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်နေ့) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်မို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပြုံးပြုံးအောင် (တ/၁၉၆၂)
မြို့နယ်တရားသူကြီး
ကျောက်ဆည်မြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် အကြံပြုချက်များဖိတ်ခေါ်ခြင်း

မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်(၇-၁၀-၂၀၁၃)ရက်နေ့တွင် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပ၍ အစိုးရဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ Stakeholder များ ပါဝင်သည့်ကော်မတီ၊ အကြံပေးအဖွဲ့များဖွဲ့စည်းလျက် မူဝါဒ၊ လုပ်ငန်းစဉ်များ၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ(မူကြမ်းများ) ပြုစုလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်ခဲ့သော ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehesive Education Sector Review-CESR)သည် ပညာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်ဆက်စပ်သောဝန်ကြီးဌာနများမှ ပညာရှင်များ၊ အတွေ့အကြုံရင့် ပညာရှင်ကြီးများနှင့် နိုင်ငံတကာအကြံပေးပညာရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပညာရေးနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်၍ ပြုပြင်ပြောင်းလဲသင့်သော ထောက်ခံအကြံပြုချက်များအပေါ် အခြေခံပြုစုဆောင်ရွက်ပါသည်။

ထိုထောက်ခံအကြံပြုချက်များအပေါ်မူတည်၍ လက်တွေ့ကျကျ အစဉ်ပြေချောမွေ့စွာ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက်လုပ်ငန်းအဖွဲ့များက Stakeholder များနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်တွင် တက္ကသိုလ်အဆင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆွေးနွေးပွဲနှင့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်၍ လူမှုအဖွဲ့အစည်းများ၏ အကြံပြုချက်များရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးအကြံပြုနိုင်ပါကြောင်းနှင့် တက်ရောက်ဆွေးနွေးနိုင်ခြင်းမရှိပါကလည်း အောက်ဖော်ပြပါသက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များသို့လည်း အကြံပြုချက်များကို ဆက်သွယ်ရန်လိပ်စာ စိန်ရတုခန်းမတက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့ သို့မဟုတ် အောက်ပါဆက်သွယ်ရန် e-mailများသို့ စာဖြင့်ပေးပို့နိုင်ကြောင်း သတင်းရရှိပါသည်။

စဉ်	အမည်	တာဝန်	လုပ်ငန်းအဖွဲ့	ဆက်သွယ်ရန် e-maill
၁။	ဒေါက်တာ ဒေါ်ခင်မျိုးမြင့်ကြူ ဒေါ်ခင်မာထွေး	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	မူကြိုပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	myoemyintkyu@gmail.com kmhdirector@gmail.com
၂။	ဒေါ်မြင့်မြင့်သန်း ဒေါ်ညွန့်ညွန့်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ဘုန်းတော်ကြီးသင် ပညာရေးနှင့်ပညာရေး လုပ်ငန်းဆောင်ရွက်သည့် ဘာသာရေးအဖွဲ့အစည်း များဆိုင်ရာ လုပ်ငန်းအဖွဲ့	malaynyunt@gmail.com
၃။	ဦးတင်ညို ဦးစိုးဝင်း	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	အခြေခံပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	tinnyo2@gmail.com
၄။	ဒေါက်တာ ဒေါ်ထူးထူးအောင် ဒေါ်ခင်ခင်ဌေး	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ဆရာအတတ် ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	khinhtay.directordept@gmail.com
၅။	ဦးထွန်းလှ ဒေါ်ဂျူအဲနာ	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ကလေးဗဟိုပြု ချဉ်းကပ်သင်ယူ နည်းဆိုင်ရာ လုပ်ငန်းအဖွဲ့	20jdoe08@gmail.com
၆။	ဦးမြင့်ဟန် ဦးခင်မောင်ထွေး	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ကျောင်းပြင်ပပညာရေး ဆိုင်ရာလုပ်ငန်းအဖွဲ့	mlrc.ygn@gmail.com khinmaunghtwe58@gmail.com
၇။	ဒေါက်တာဉမ္မာကျော် ဒေါက်တာဒေါ်သန်းနွဲ့	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ဥပဒေပြုစုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	kyaw.omar@gmail.com
၈။	ဒေါ်ရီရီမြင့် ဒေါက်တာထွန်းအောင်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေး မြှင့်တင်ရေး လုပ်ငန်းအဖွဲ့	dawyiyimyint09@gmail.com dr.tunaung64@gmail.com
၉။	ဒေါက်တာသက်လွင် ဒေါ်နှင်းမူ	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ဝန်ထမ်းစွမ်းရည်မြှင့် တင်ရေးနှင့်စွမ်းဆောင် ရည်အကဲဖြတ်ရေး လုပ်ငန်းအဖွဲ့	thetlwin737@gmail.com hmdhel@gmail.com
၁၀။	ဒေါက်တာမြမြဦး ဒေါက်တာကျော်နိုင်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	လက်တွေ့အသုံးချ သုတေသန လုပ်ငန်းများမြှင့်တင် ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့	drmyamyaoo@gmail.com drkyawnaing2009@gmail.com
၁၁။	ဦးစိန်မင်း ဒေါက်တာနုနုရီ	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ပညာရပ်ဆိုင်ရာ ရုပ်ပတ်ဝန်းကျင် ကောင်းများကြီးကြပ် ဖြည့်ဆည်းရေး လုပ်ငန်းအဖွဲ့	nunuyi1964@gmail.com
၁၂။	ဦးစိုးညွန့် ဒေါက်တာနေဝင်းဦး	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ ဆိုင်ရာလုပ်ငန်း အဖွဲ့(အဆင့်မြင့်)	winoo.nay@gmail.com
၁၃။	ဒေါက်တာဒေါ်မြကြွယ် ဒေါ်ခင်သင်းဖြူ	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာဆိုင်ရာ လုပ်ငန်းအဖွဲ့အခြေခံ	khinthinphyu.edu@gmail.com
၁၄။	ဒေါက်တာမြင့်သိန်း ဒေါက်တာဇော်မြင့်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	အဆင့်မြင့်ပညာရေး ဆိုင်ရာလုပ်ငန်းအဖွဲ့	zawmyint.uzm@gmail.com
၁၅။	ဒေါက်တာခင်မေအုန်း ဒေါက်တာတင့်ဆွေလတ်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	proftsl@gamil.com
၁၆။	ဒေါက်တာကျော်ဝင်း ဒေါက်တာဇော်မင်းနိုင်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	သက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	nyihlange1@gmail.com wytu2010@gmail.com
၁၇။	ဒေါက်တာမြင့်သောင်း ဒေါက်တာတင်ထွဋ်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	စိုက်ပျိုးရေး/ မွေးမြူရေး/သစ်တော ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	tinhtutagri@gmail.com
၁၈။	ဒေါက်တာဖိုးကောင်း ဒေါက်တာဒေါ်နွဲ့နွဲ့ဝင်း	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	သတင်းအတတ် နည်းပညာနှင့် ဆက်သွယ်ရေးပညာ ဆိုင်ရာလုပ်ငန်းအဖွဲ့	pkaung@gmail.com nwe2win.csyu@gamil.com

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ထားဝယ်မြို့နယ်၊ ဟိန္ဒားသတ္တုတွင်းရှိ မြန်မာပွန်ပီပက်သတ္တုတူးဖော်ရေးကုမ္ပဏီမှ အောက်ပါ သတ္တုတူးဖော်ရေးလုပ်ငန်းအတွက် မြေကြီးတူးဖော်သယ်ယူခြင်းလုပ်ငန်းများကို စာချုပ်ချုပ်ဆို လုပ်ကိုင်လိုပါသည်။

လုပ်ငန်းအမျိုးအစား - သတ္တုတူးဖော်ရေးလုပ်ငန်းနှင့်သက်ဆိုင်သော မြေကြီးတူးဖော်သယ်ယူခြင်းလုပ်ငန်းများ။ (တစ်လလျှင် မြေသားပမာဏ ၄၅၀၀၀ ကုဗမီတာခန့် အနည်းဆုံး ဆောင်ရွက်ရမည်၊ တစ်ရက် လုပ်ငန်းဆောင်ရွက်ချိန်မှာ ၂၄ နာရီဖြစ်ပါသည်။)

လုပ်ငန်းဆောင်ရွက်ရမည့်ကာလ -၁-၂-၂၀၁၄ ရက်မှ ၃၁-၁၂-၂၀၁၄ ရက်အထိ

လုပ်ငန်းဆောင်ရွက်ရမည့်နေရာ - ဟိန္ဒားသတ္တုတွင်း၊ ထားဝယ်မြို့နယ်။

၂။ **တင်ဒါပိတ်ရက်** - ၁၀-၁-၂၀၁၄ ရက်

၃။ စိတ်ပါဝင်စားလုပ်ကိုင်လိုသော ကုမ္ပဏီများသည် ကုမ္ပဏီစာရွက်စာတမ်းများ၊ ယာဉ်၊ စက်ယန္တရားစာရင်း၊ စက်ပြင်စာရင်းနှင့် တစ်ကုဗမီတာလျှင်ရရှိလိုသည့်ဈေးနှုန်း (Bidding Price)တို့ကိုဖော်ပြ၍ အောက်ပါလိပ်စာများအတိုင်း တင်သွင်းနိုင်ပါသည်။

အမှတ်(၆)၊ အာဇာနည်လမ်း၊ ရှမ္မလည်ဆွဲရပ်၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၃၀၆၂၊ ၀၉-၅၀၀၈၂၇၁
မြန်မာပွန်ပီပက်ကုမ္ပဏီ၊ ဟိန္ဒားသတ္တုတွင်း၊ ထားဝယ်မြို့နယ်
ဖုန်း-၀၉-၈၇၄၂၆၈၂
E-mail:heindamine@gmail.com

ပုလောမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၅ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ Royal Garden Restaurant တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပေးစာများကို ၂၀-၁-၂၀၁၄ရက် နောက်ဆုံးထား၍ပေးပို့နိုင်ပြီး အသင်းဝင်သားသမီးများ ၂၀၁၄ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး လျှောက်လွှာများကို ၂၈-၂-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀ နာရီ စတင်ပါမည်။ နံနက် ၉ နာရီ အကျွေးအမွေးဖြင့်ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။ **အမှုဆောင်အဖွဲ့**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ် ၇၃၁၊ မြေကွက်တည်နေရာအမှတ် ၃၆၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးကြာလင်း ၁၂/သဃက(နိုင်)၀၈၇၇၆၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြာလင်းကွယ်လွန်သဖြင့် ဒေါ်ငွေမြတင် ၁၂/သဃက(နိုင်)၀၈၈၇၇၂က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်၂၂၅၃/၂၀-၆-၁၃နှင့် နှစ်၆၀ဂရန်မီးလောင်သွားကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ GP No.၉၆၀၇/၁၃-၆-၁၃ ရသူ ဦးလှမြင့် TGKN-၀၆၇၈၁၁ မှပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ဒီ၊ မြေကွက်အမှတ် V၈၄၊မြေကွက်တည်နေရာအမှတ် ၆၇၊ ရုံးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မတင်ရီနှင့် ဒေါ်ခင်ချိုချိုအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်ရီနှင့် ခင်ပွန်းဦးသန်းမြင့် သား ဦးစိုးလွင်တို့ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်အေး ၁၂/ကမတ(နိုင်)၀၂၁၄၆၄၊ (၂) ဒေါ်ရင်နွယ် ၁၂/ကမတ(နိုင်) ၀၁၈၉၀၅၊ (၃) ဦးတင်ထွဋ် ၁၂/ကမတ(နိုင်)၀၁၈၉၀၁၊ (၄) ဒေါ်ခင်မိမိ ၁၂/ကမတ(နိုင်)၀၁၈၉၀၂၊ (၅) ဒေါ်တင်တင်မြင့် ၁၂/စခန(နိုင်)၀၁၄၆၉၉၊ (၆) ဒေါ်ခင်ခင်သန်း ၁၂/ကမတ(နိုင်)၀၁၈၉၀၃တို့က သားသမီး၊ ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက် ဒေါ်ခင်ချိုချိုထံမှ အရောင်းစာချုပ်၈၃(၁၅-၁-၉၇)ဖြင့် ဝယ်ယူထားသူ ဦးဝင်းမော် ၁၂/ဗတထ(နိုင်)၀၁၈၄၈၃တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၄၉၅၄၉ Jialing ယာဉ်လက်ဝယ်ရှိသူ ဦးသစ်လွင်MHAMY-၀၀၀၁၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၇၃၇၀၆ Shayan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသံချောင်း ၉/မရမ(နိုင်)၀၄၇၃၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကျောက်တင်ဆောင်လာသော ကားနှင့်ဆိုင်ကယ်တိုက်၍ တစ်ဦးသေဆုံး

နတ်တလင်း ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၁၃၄/၁ အနီး၌ ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ပြည်ဘက်သို့ စောလင်းနောင်မောင်းနှင်ပြီး နောက်မှ ဦးစိုးလွင်နှင့်မောင်မောင်သက်တို့လိုက်ပါစီးနင်းလာသော လေ့ဂျာ ၁၁၀ အနက်ရောင်(နံပါတ်မပါ)မှာ ၄င်းရှေ့မှ မောင်းနှင်နေသည့် ကွန်တင်နာဘောက်ပါယာဉ်ကို ကျော်တက်စဉ် ပြည်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း နိုင်လင်း မောင်းနှင်လာသည့် ကျောက်တင်ဆောင်ထားသော ဟီးနိုးအစိမ်းရောင် ၉ခ/--- ကား၏ ဦးခေါင်းဝဲဘက်ခြမ်းနှင့်ဝင်တိုက်မိပြီး ဆိုင်ကယ်မှာ ကားအောက်ရောက်ရှိကြိတ်မိသဖြင့် စောလင်းနောင်(၃၁ နှစ်)မှာ ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဦးစိုးလွင်(၅၁ နှစ်)နှင့် မောင်မောင်သက်(၂၁ နှစ်) တို့မှာ ဒဏ်ရာများရရှိ၍ နတ်တလင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း နိုင်လင်း(၂၅ နှစ်) ဥသျှစ်ပင် ပန်းတောင်းမြို့နယ်နေသူကို နတ်တလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အဆိပ်လူးမြှားဒဏ်ရာကြောင့် ဟိုင်းဆင်ရိုင်းတစ်ကောင်သေဆုံး

ကျောက်တံခါး ဇန်နဝါရီ ၁

ကျောက်တံခါးမြို့နယ် ဘိုင်းဒါးသစ်တောကြိုးဝိုင်းတွင် ဆင်တစ်ကောင်သေဆုံးနေကြောင်း ပုဂ္ဂလိကကျွန်းစိုက်ခင်း ပန်ဒါကုမ္ပဏီမှ တာဝန်ခံ ဦးအောင်ဝင်း၏ သတင်းပေးချက်အရ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခန့်က ဖဒိုနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်အောင်ကျော်ဦး၊ ဒုရဲအုပ် ဇေယျာထွန်းတို့အဖွဲ့နှင့်အတူ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဦး၊ တောအုပ် ဦးသက်ညွန့်၊ တောခေါင်း ဦးဇော်ဝမ်း၊ ဒေါက်တာဇော်မင်းထွန်း(တိရစ္ဆာန်ဆရာဝန်)၊ သစ်တောအုပ်ကြီး ဦးဖိုးပြားတို့ ပါဝင်သောအဖွဲ့က သွားရောက်ကွင်းဆင်းစစ်ဆေးရာ ဆင်မှာ အသက် (၄၀နှစ်) ခန့်၊ ဆင်၏အလျားမှာ ကိုးပေ ခြောက်လက်မခန့်၊ လုံးပတ် ၁၄ ပေ ခန့်ရှိ ဟိုင်းဆင်ရိုင်းတစ်ကောင်ဖြစ်ကြောင်းသိရပြီး ဘယ်ဘက်ပေါင်တွင် မြှားမှန်ဒဏ်ရာနှစ်ချက်၊ ယာပေါင်တွင် မြှားမှန်ဒဏ်ရာတစ်ချက်တို့ကို တွေ့ရှိရသည်။ ဆရာဝန်၏ ဆေးထင်မြင်ချက်အရ ကိုယ်တိုင်တီထွင်ပြုလုပ်ထားသော အဆိပ်လူးမြှား၏ အဆိပ်ဒဏ်ကြောင့် ဆင်သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တောဆင်ရိုင်းသတ်ဖြတ်သွားသူအား စုံစမ်းဖော်ထုတ်အရေး ယူနိုင်ရန် အမှုဖွင့်ဆောင်ရွက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်က ကြီးကြပ်ပြီး ပြစ်မှုကျူးလွန်သူကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဦး(ကျောက်တံခါး)**

မီးပွိုင့်တွင် ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၁

ဒီဇင်ဘာ ၂၉ ရက် ည ၈ နာရီ ၁၀ မိနစ်ခန့်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် ကြားတောရလမ်းထိပ်ရှိ မီးပွိုင့်တွင် ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးပွိုင့်တွင် မီးနီ၍ ရပ်တန့်ထားသော အငှားယာဉ် CC---နှင့် ၎င်းယာဉ်၏ နောက်တွင် ရပ်တန့်ထားသော ကိုယ်ပိုင်ယာဉ် ၄က/----တို့ကို ကမ္ဘာအေးဘုရားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသည့် ယာဉ်လိုင်းအမှတ် ၂၅၅ ဒဂုံတက္ကသိုလ် ဆူးလေခရီးသည်တင် ဘီအမ်ဟီးနိုးကား ၉/----က နောက်မှ ဝင်တိုက်ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ဘီအမ်ဟီးနိုးကားမှာ ပျက်စီးမှုမရှိသော်လည်း ကျန်ကားနှစ်စီးအနက် အလယ်တွင် ရပ်တန့်ထားသည့် ကိုယ်ပိုင်ကား ၄က/----ရှေ့နောက်ကိုယ်ထည်များ ပျက်စီးသွားသည်။ အငှားယာဉ် CC---မှာ ကိုယ်ထည်နောက်ပိုင်း ပျက်စီးခဲ့သည်။ **အောင်သူရ**

ပင်လောင်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁

ရှမ်းပြည်နယ်အမှတ်(၂၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပင်လောင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအနောက်ဘက် နန်းနိမ့်-ဘောရန်လမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် လုံးပြင်ကျေးရွာမှ ဘောရန်ကျေးရွာသို့ ပင်လောင်းမြို့နယ် ကောက်မဲသင်းရွာနေ မောင်ဒေါ(၂၉ နှစ်)မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှWY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၊ တန်ဖိုးငွေကျပ် ၁၁ ဒသမ ၁ သိန်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မောင်ဒေါအား ပင်လောင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မှုခင်းသတင်းနှင့်ကြော်ငြာ

ဘိန်းစိမ်း၃ဒသမ၆ကီလိုဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁

ရှမ်းပြည်နယ် အမှတ်(၂၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပင်လောင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအုပ်စု ဆောင်းပြောင်း(အနောက်)ရွာနေ မနန်းဘယ်(၄၁ နှစ်)နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်းဗီရိုပေါ်ရှိ စတီးလင်ပန်းအတွင်းမှ ဘိန်းစိမ်း နှစ်ထုပ်၊ အလေးချိန် ၃ ဒသမ ၆ ကီလို၊ တန်ဖိုးငွေကျပ် ၂၃ ဒသမ ၄ သိန်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် မနန်းဘယ်ကို ပင်လောင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ကိုရဲ**

ယာဉ်နှစ်စီးတိုက်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၁

ဘုရင့်နောင်လမ်းမကြီး၏ ဘုရင့်နောင်ပွဲရုံဝင်း ရိုးကြီးချောင်းပတ်လမ်းဝင်-ထွက်ပေါက် မြို့ထဲသွားလာယာဉ်ကြောပေါ်တွင် ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀ နာရီက ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားပြီး ၁၁ နာရီတွင် အတိုက်ခံရသော ကားကို အခြားယာဉ်တစ်စီးဖြင့် ဆွဲယူရာမှ လမ်းဘေးတွင်ရပ်ထားသော အိမ်စီးကားငယ်သုံးစီးကို တိုက်မိပြီး လမ်းဘေးရှိ တိုက်နှစ်တိုက်အကြား တိုက်သည့်ဖြစ်စဉ်ဖြစ်ပွားကြောင်း ယင်းနေရာတွင် စျေးရောင်းနေသူများကဆိုသည်။

အဆိုပါ ရိုးကြီးချောင်းဝင်-ထွက်ပေါက်မှ ထွက်လာသော ၁၂ ဘီးကုန်ကား 2D/-----သည် အင်းစိန်ဘက်မှ မြို့ထဲသို့သွားသော ယာဉ်ကြောအတိုင်း မောင်းနှင်လာသော ရေခဲတုံးများ တင်ဆောင်လာသည့် ဟီးနိုးရိန်းဂျား ခြောက်ဘီး ကား၆က/---နှင့် မီးပွိုင့်ပျက်နေချိန်တိုက်မိရာ ၁၂ဘီးကုန်ကားမှာ မောင်းပြေးသွားကြောင်း၊ဟီးနိုးရိန်းဂျားကားမှာပါဝါစတီယာရင်အုံပျက်-ရှေ့မှန်ကွဲသွားပြီး လမ်းလယ်ကြောပေါ်တွင် ရပ်ထားရကြောင်း၊ တစ်နာရီအကြာ နံနက် ၁၁ နာရီတွင် အခြားယာဉ်တစ်စီးဖြင့်ဆွဲစဉ် ကြိုးပြတ်သွားသဖြင့် လမ်းဘေးရှိ အိမ်စီးကားငယ်များကိုတိုက်မိပြီး စျ(၁၈) နှင့် စျ(၁၉) တိုက်နှစ်လုံးကြား ဆင်ဝင်နံရံတိုင်ကို တိုက်မိသွားကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာက အရေးယူဆောင်ရွက်နေကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

ဒီဇင်ဘာနောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲ ကန့်ဘလူမြို့၌ ကျင်းပ

ကန့်ဘလူ ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၏ ဒီဇင်ဘာ လူထုအားကစားလ နောက်ဆုံးပတ်စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးအရာရှိ ဒေါ်သီသီဦး၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ငါးရပ်ကွက်မှ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၈၀ ခန့်သည် ပိတောက်သိင်္ဂီခန်းမရှေ့ စုရပ်မှတစ်ဆင့်နတ်ပေးစံပြကျေးရွာသို့ စုပေါင်းလမ်းလျှောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် နိုင်ငံတော်မှ ချီးမြှင့်သော အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသူ အကယ်ဒမီပြေတီဦးအား အထူးပင် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုး အနုပညာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Mobile King Trading Co.,Ltd.

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် နိုင်ငံတော်မှ ချီးမြှင့်သော အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရရှိသူ အကယ်ဒမီ ကိုဇော်(အရဏ်ဦး)အား အထူးပင် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုး အနုပညာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ် ပါသည်။

Mobile King Trading Co.,Ltd.

ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့(ရန်ကုန်)

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ငွေပဒေသာပင် အလှူငွေလက်ခံပွဲတို့ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ယခင်ခေတ်အဆက်ဆက် ဂေါပကအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဂေါပကအဖွဲ့ဝင်ဟောင်းများ၊ လက်ရှိဂေါပကအဖွဲ့ဝင်များ၊ ငွေပဒေသာပင်အလှူရှင်များနှင့် ရန်ကုန်မြို့ရှိ ရခိုင်သူ ရခိုင်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေများ လှူဒါန်းလိုပါက ဒေါက်တာဦးကျော်မင်း ဖုန်း-၀၉-၅၁၄၀၉၉၄၊ ဦးတင်ညွန့် ဖုန်း-၀၉-၄၂၁၁၁၈၅၆၊ ဦးစောသိန်း ဖုန်း-၀၉-၅၀၀၁၃၀၁၊ ဦးဝင်းမောင် ဖုန်း-၀၉-၇၃၀၀၁၄၄၇၊ ရုံးအဖွဲ့မှူး ဖုန်း-၃၇၅၇၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

အထက(၄) အလုံ ကျောင်းသား ကျောင်းသူဟောင်းများသို့

အထက(၄)အလုံ ရန်ကုန်ကျောင်းဝင်းရှိ နာရီစင်ကြီးကို ကျောင်းသား ကျောင်းသူဟောင်းများ ဘက်ပ်တစ်၊ ကူရှင်၊ ယူနီယံ၊ ယူနိုက်တက်အလုံ-၄ က ကမကထပြု ပြင်ဆင်မွမ်းမံပြီးဖြစ်ပါ၍ ၆-၁-၂၀၁၄ ရက် နံနက် ၈ နာရီတွင် နာရီစင်နှစ် ရာပြည့်အထိမ်းအမှတ်ဖွင့်လှစ်ပွဲကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူဟောင်းများကြွရောက်ပါဝင်ကြပါရန်အသိပေးနှိုးဆော်အပ်ပါသည်။

နာရီစင်ပြုပြင်မွမ်းမံရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အပိုင်း-၅၊ လူနေရပ်ကွက်အမှတ် စက်မှုဇုန်၊ မြေကွက်အမှတ် ၇၇၊ ဧရိယာ ၀ဒသမ ၃၅၃ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် မြေကွက်အမှတ် ၇၈၊ ဧရိယာ ၀ဒသမ ၆၇၄ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်၊ စုစုပေါင်းမြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးနေစိုး ၁၂/ဒဂန(နိုင်)၀၀၁၈၄၂ထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိစီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းထွန်း ၁၃/တကန(နိုင်)၁၃၀၀၇၅ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	ဒေါ်အိမ့်ဖြူနိုင်	ဒေါ်ရတနာရွေး
LL.B	LL.B, DBL, DML	LL.B, D.B.L
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)	(စဉ်-၃၈၄၉၇)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အာရှမြေ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာခရီးသွားနှင့်မြန်မာကဏ္ဍ

၂၀၁၄ ခုနှစ်မှာ သွားရောက်လည်ပတ်သင့်တဲ့ အကောင်းဆုံးနေရာ ငါးခု

ဘာသာပြန်ဆိုသူ-ထန်ဆွင်းလန်း

ရွှေတိဂုံစေတီတော်

ပီရူး

နှစ်စဉ်ခရီးသည် တစ်သန်းကျော် သွားရောက်လည်ပတ်နေတာမို့ အင်ကာအင်ပါယာရဲ့ပျောက်ဆုံးနေတဲ့မြို့ မာချူပစ်ချူ(Machu Picchu)ဟာ ယခုအခါမှာတော့ ပျောက်ဆုံးမနေတော့ပါဘူး။ လူစုလူဝေးများကို ရှောင်ရှားလိုတဲ့ ခရီးသွားများအဖို့ မာချူပစ်ချူနဲ့ပုံစံတူမြို့ဖြစ်တဲ့ ချိုကွေကွီရာအို (Choquequirao)ကို စဉ်းစား(ရွေးချယ်)သင့်ပါတယ်။

ချိုကွေကွီရာအိုဆိုတာ ဘာလဲလို့ မေးကောင်းမေးနိုင်ပါတယ်။ ဒါကတော့ အဓိကအရေးကြီးတဲ့အချက်ပါ။ ချိုကွေကွီရာအိုဟာ မာချူပစ်ချူနဲ့ပုံစံတူ၊ ရွယ်တူဖြစ်ပေမယ့်လည်း ဆာလ်ကန်တေး(Salkantay)တောင်တန်းဒေသမှာ လုံခြုံစွာတည်ရှိတဲ့ အဲဒီ ၁၅ ရာစုခေတ် မြို့ဟောင်းအကြောင်းကို ကြားဖူးတဲ့လူနည်းပါးပါတယ်။ သို့ပေမယ့် ပီရူးအစိုးရက ချိုကွေကွီရာအိုသို့ လွယ်ကူချောမောစွာသွားလာနိုင်အောင် ၂၀၁၅ ခုနှစ်မှာ ခတ်ရထားတည်ဆောက်ဖို့စီစဉ်နေတာကြောင့် ၂၀၁၄ ခုနှစ်ဟာ အကျယ်အဝန်းဧက ၄၅၀၀ နီးပါး တသီးတခြားတည်ရှိနေပြီး လှိုင်းပမာမို့မောက်နေသော လှေကားထစ်များနဲ့ ကျောက်တုံးများဖြင့်တည်ထားသော ဘုရားကျောင်းများဆီသို့ ခြေကျင်လျှောက်ခြင်းရဲ့ အရသာကို မြည်းစမ်းခွင့်ရမယ့် နောက်ဆုံးနှစ်ဖြစ်ဖွယ်ရှိပါတယ်။

အကြီးအကျယ်ပြောင်းလဲမသွားခင် ချိုကွေကွီရာအိုကို သွားချင်ရင် ကြိုတင်သတိပေးပါရစေ။ အဲဒီခရီးဟာ သတ္တိနည်းသူအတွက်တော့မဟုတ်ပါ။ မတ်စောက်သော အတက်၊ အဆင်းများအပါအဝင် နှစ်ရက်ကြာ ခြေကျင်ခရီးဖြစ်ပြီး အပူရီမက်ခ်(Apurimac)မြစ်ပေါ်မှာ သွယ်တန်းထားတဲ့ ကေဘယ်ကြိုးပေါ်က ခြင်းသေးသေးနဲ့ မြစ်ကိုကူးဖြတ်ရမှာဖြစ်ပါတယ်။

ချိုကွေကွီရာအိုကို သွားချင်ရင်တော့ ကမ္ဘာ့အကောင်းဆုံး ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများအနက် တစ်ခုဖြစ်တဲ့ Adventure Life က ၁၂ ရက်ခရီး ဝန်ဆောင်မှုပေးပါတယ်။ နိုင်ငံအတွင်း လေယာဉ်စီးနင်းခများ အပါအဝင် လူတစ်ဦးလျှင် ဒေါ်လာ ၃၇၅၀ ဖြစ်ပါတယ်။

ဘရာဇီး

ဘရာဇီးဟာ ၂၀၁၄ ခုနှစ်မှာ ဖီဖာကမ္ဘာ့ဖလားဘောလုံးပွဲ (ဇွန် ၁၂၊ ဇူလိုင် ၁၃)နှင့် ၂၀၁၆ ခုနှစ်မှာ နွေရာသီ အိုလံပစ်အားကစားပွဲတော်တို့ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့ ပြင်ဆင်နေတာကြောင့် ကမ္ဘာရဲ့အာရုံစိုက်ခြင်းခံနေရပါတယ်။ အကယ်၍ ဤအားကစားပွဲနှစ်ခုက မဆွဲဆောင်နိုင်ပါက အမေဇုန်တောရဲ့အဝင်တံခါးဖြစ်တဲ့ မိုင်ပေါင်း ၄၆၀၀ ကျော်ရှည်လျားသော စိတ်ဝင်စားဖွယ်ကမ်းရိုးတန်းလည်း ရှိပါသေးတယ်။ စိတ်ဝင်စားဖို့ကောင်းတာတစ်ခုကတော့ ဘရာဇီးရဲ့သဘာဝအရင်းအမြစ်တွေဟာ ကမ္ဘာပေါ်မှ ခရီးသွားလုပ်ငန်းအတွက် ယှဉ်ပြိုင်နိုင်စွမ်းအကောင်းဆုံး အဖြစ် မကြာသေးမီက ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ကြေညာခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ရီယိုဒီဂျနေးရိုးမြို့ရဲ့ ထင်ရှားသော ပင်လယ်ကမ်းခြေသောင်ယံတွေမှာ ကစားမှာလား၊ လွင်ပြင်တစ်လျှောက် ခရီးနှင်မှာလား၊ ကိုင်မန်ဂေဟဗေဒရိပ်မြုံရှိ မိကျောင်းများကို အနီးကပ်ကြည့်ရှုမှာလား၊ အီဂွာဇူ ရေတံခွန်အလှကို ရှုစားမှာလား၊ အမေဇုန်တောထဲမှာ လျှောက်သွားမှာလား။ Adventure Life က လေ့လာရေးခရီးစဉ် တစ်ဒါဇင် ကျော် ဝန်ဆောင်မှုပေးပါတယ်။ လေးရက်ခရီးဖြစ်ပြီး တစ်ဦးလျှင် ဒေါ်လာ ၆၅၀ ဖြစ်ပါတယ်။

မြန်မာ

မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ်တွင် အရပ်သားအစိုးရ တက်လာပြီးနောက် ခရီးသွားလုပ်ငန်းအပေါ် ဖြေလျှော့ခွင့် ရရှိပါတယ်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားခရီးသည် တစ်သန်းကျော် လာရောက်ပြီး ရွှေတိဂုံစေတီတော်၊ ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၊ မန္တလေးရွှေမြို့တော်ရှိ ယဉ်ကျေးမှု အမွေအနှစ်များ၊ ရှမ်းပြည်နယ် အင်းလေးကန်ပေါ်ရှိ ရေပေါ်ကျွန်းမျှောစိုက်ခင်း၊ ပန်းဥယျာဉ်များကို လေ့လာခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာ ကြည့်ရှုလေ့လာစရာပေါများလှပြီး မျက်စိလည်နိုင်တာမို့ ကိုယ်ပိုင်အစီအစဉ်နဲ့မသွားဘဲ ခရီးသွားလုပ်ငန်းကုမ္ပဏီနဲ့ ချိတ်ဆက်ဖို့ကောင်းပါတယ်။ Abercrombie & Kent ခရီးသွားလုပ်ငန်းကုမ္ပဏီဟာ ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် အင်းလေးကန်တို့သွားလည်မယ့် ၁၀ ရက်ကြာ မြန်မာခရီးစဉ်အပါအဝင် ၂၀၁၄ ခုနှစ်မှာ ၎င်းရဲ့ Connections အစီအစဉ်ကို ချဲ့ထွင်မှာဖြစ်ပါတယ်။ တစ်ဦးလျှင် ၄၉၄၅ ဒေါ်လာဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံး ခရီးသွားအော်ပရေတာဆု နှစ်ကြိမ်ရထားတဲ့ Asia Transpacific Journeys က တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ဈေးတွေ ၁၅ရာစုနှင့်၊ ၁၆ ရာစုခေတ် အဆောက်အအုံများ၊ လှေ၊ သမ္ဗန်များ လှည့်လည်ကြည့်ရှုခြင်းအပါအဝင် ၁၂ရက်ကြာ လေ့လာရေးခရီးစဉ်ကို ဝန်ဆောင်မှုပေးပါတယ်။ တစ်ဦးလျှင် ၄၉၄၅ ဒေါ်လာဖြစ်ပါတယ်။

Orient-Express ကလည်း မြစ်ချောင်းသွားအပျော်စီး ဇိမ်ခံသင်္ဘောများဖြစ်သော အခန်း ၄၃ ခန်းပါ (ရေကူးကန်နှင့် ဇိမ်ခံပစ္စည်းအမျိုးမျိုးအပါအဝင်) Road to Mandalay အပျော်စီးသင်္ဘောနှင့် အခန်း ၂၅ ခန်းပါ Orcaella အပျော်စီးသင်္ဘောတို့ကို ပြေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ သုံးညခရီးဖြစ်ပြီး တစ်ဦးလျှင် ဒေါ်လာ ၁၆၄၀ ဖြစ်ပါတယ်။

အိန္ဒိယသမုဒ္ဒရာနှင့်သြစတြေးလျ

Tour d' Afrique က ပထမဆုံး သမုဒ္ဒရာဖြတ်ကျော် စုပေါင်းစက်ဘီးစီးလေ့လာရေးခရီးကို ၂၀၁၄ ခုနှစ်တွင် ဝန်ဆောင်မှုပေးမှာဖြစ်ပါတယ်။ စက်ဘီးစီးခရီးမှာ မိုင်ပေါင်း ၆၇၀၀ ရှည်လျားပြီး လေးလကျော်ကြာမြင့်မှာ ဖြစ်ပါတယ်။ စက်ဘီးစီးသမားများဟာ သြဂုတ်လတွင် စင်ကာပူမှ ထွက်ခွာပြီး အရှေ့တီမောကိုဖြတ်ကျော်လျက် သြစတြေးလျနိုင်ငံ၊ ဒါဝင်မြို့သို့ လေယာဉ်ဖြင့် မသွားရောက်ခင် သမုဒ္ဒရာထဲက ကျွန်းများပေါ်ရှိ လွင်ပြင်များနှင့် အင်ဒိုနီးရှားကျွန်းဆွယ် တစ်လျှောက် ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်ခရီးနှင်မည်ဖြစ်ပါတယ်။ ဒါဝင်မှ မဲလ်ဘုန်းမြို့သို့ ခရီးဆက်ပြီး နောက်ဆုံးခရီးပန်းတိုင်အဖြစ် ဆစ်ဒနီပြဇာတ်ရုံတွင် စုရုံးရောက်ရှိကြမှာဖြစ်ပါတယ်။ လေးလခရီး (သြဂုတ် ၁၆ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ)အတွက် တစ်ဦးလျှင် ဒေါ်လာ ၁၇၉၀၀ဖြစ်ပြီး သီတင်းနှစ်ပတ်အပိုင်းများအတွက် ဒေါ်လာ ၂၀၀၀ ဖြစ်ပါတယ်။ ကြိုတင်ငွေပေးသွင်းသူများ လျှော့ဈေးခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။

ဥရောပ

ဥရောပကို သင်္ဘောဖြင့် သွားရောက်လေ့လာခြင်းမှာ အသစ်အဆန်းမဟုတ်ပေမယ့် Starvista Signature Cruiseson Seabourn က ဇိမ်ခံအပျော်စီးသင်္ဘော seabourn Sojourn ရဲ့၁၀ရက်ခရီးတွင် ပထမအတန်းအစား ဂီတဖျော်ဖြေပွဲနဲ့ပထမဆုံးအကြိမ်ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။

ဂရမ်မီဆုရ ဂျာ့ဇ်အဆိုတော်ဒိုင်ယာနာကရဲလ်က စက်တင်ဘာ ၃၀ ရက်တွင် မွန်တီကားလို (monte carlo)မှ ထွက်ခွာမည့် Sojourn အပျော်စီးသင်္ဘောပေါ်ရှိခရီးသည် ၄၅၀ ကို တေးဂီတဖျော်ဖြေပွဲငါးခုဖြင့် ဖျော်ဖြေမှာဖြစ်ပါတယ်။ Sojourn ဟာ စိန့်ထရိုပက်ဇ်၊ ပေါ်တိုမီနီယာနှင့် ဘာစီလိုနာအပါအဝင် မြေထဲပင်လယ်ရဲ့ အထင်ရှားဆုံး ဆိပ်ကမ်းမြို့များတွင် ကျောက်ချရပ်နားမှာဖြစ်ပါတယ်။

၂၀၁၀ ခုနှစ်ကစတင်ပြေးဆွဲတဲ့ Seabourn Sojourn ဇိမ်ခံအပျော်စီးသင်္ဘောပေါ်တွင် ပရိဘောဂအသုံးအဆောင်အစုံအခန်း ၂၂၅ ခန်းပါဝင်ပြီး ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းတွင် ကိုယ်ပိုင်ဝရန်တာများ ပါရှိတယ်လို့ဆိုပါတယ်။ ခရီးစဉ်မှာ စက်တင်ဘာ ၃၀ မှ အောက်တိုဘာ ၁၀ ရက်အထိဖြစ်ပြီး တစ်ဦးလျှင် ဒေါ်လာ ၆၀၀၀ ဖြစ်ပါတယ်။

လန်ဒန်အခြေစိုက် အလွတ်စာရေးဆရာမ အေမီလပ်ဗင်းဟောက်စ်ရေးသားပြီး ဒီဇင်ဘာ ၂၇ ရက်က Dallas Morning News **တွင် ဖော်ပြခဲ့သည့်** Top 5 places you need to visit in 2014 **ဆောင်းပါးကို တည်းဖြတ်ပြန်ဆိုဖော်ပြထားခြင်း ဖြစ်ပါသည်။**

၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားခရီးသည် တစ်သန်းကျော်လာရောက်ပြီး ရွှေတိဂုံစေတီတော်၊ ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၊ မန္တလေးရွှေမြို့တော်ရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှမ်းပြည်နယ် အင်းလေးကန်ပေါ်ရှိ ရေပေါ်ကျွန်းမျှောစိုက်ခင်း၊ ပန်းဥယျာဉ်များကို လေ့လာခဲ့ကြပါတယ်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကျောက်တော်မြို့ မဟာကံကြီးသျှင်ဘုရား ဗုဒ္ဓါဘိသေကအနေကဇာတင်

ကျောက်တော် ဇန်နဝါရီ ၁

ရခိုင်ပြည်နယ် ကျောက်တော်မြို့ မြို့ဝင်လမ်း မီးရထားဘူတာအနီးတွင် စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်ရှိ မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော် ဘဒ္ဒန္တကုလရက္ခိတ ဦးဆောင်မှုဖြင့် ရခိုင်ရှေးဟောင်းဗိသုကာမူအတိုင်း တည်ထားကိုးကွယ်လျက်ရှိသော ဉာဏ်တော်အမြင့် ၅၄ ပေ၊ ဓမ္မခဏ်နှင့်ပလ္လင်အမြင့် ၄ ပေ၊ အောက်ခြေဂန္ဓကုဋိတိုက်အမြင့် ၁၄ ပေ၊ ဂန္ဓကုဋိတိုက် အလျားပေ ၆၀၊ အနံပေ ၄၀ရှိသော မဟာကံကြီးသျှင်ဘုရား **(ယာပုံ)** ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက အဆိုပါဘုရားကြီးဝင်းအတွင်း၌ ကျင်းပသည်။

